မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၁၃ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၅၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွှတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်ထွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိုက္ကာ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြိုခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး (၁/၂၀၀၉) ကျင်းပ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး (၁/၂၀၀၉)ကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ဗဟိုဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က အမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

မိုးထစ်ချုန်း

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ကျေးလက်ပြည်သူများအတွက် အကျိုးရှိစေမည့်ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ်

သတင်းခရီးသည် - ဝင်းကျော်

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

တောင်ကြီး ဇွန် ၁၂

ဟိုးအဝေးဆီ၌ လှမ်းမြင်နေရသော မှိုင်းညို့ဝေသီနေသည့် တောင်တန်းများကို နောက်ခံပြုကာ စိမ်းလန်းနေသော တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်များ၊ လုပ်ငန်းခွင်၌ လယ်ယာသုံးကိရိယာများဖြင့် စိုက်ရန်၊ ပျိုးရန် မြေပြုပြင်နေသော တောင်သူလယ်ယာဦးကြီးများကို မြင်တွေ့ရသည်မှာ တိုင်းပြည်၏ စားနပ်ရိက္ခာကဏ္ဍကို ဖြည့်ဆည်းပေးမည့် အင်အား တစ်ရပ်ဖြစ်ကြောင်း ထပ်လောင်းသက်သေပြုနေသကဲ့သို့ ဖြစ်တော့သည်။ *စာမျက်နှာ ၉ ကော်လံ ၃* *

ရှမ်းပြည်နယ် (တောင်ပိုင်း)ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု တောင်သူ ဦးအိုက်ဆမ် စိုက်ပျိုးထားသော စပါးစိုက်ခင်းနှင့် ငါးမွေးမြူရေးကန်ကို ဤသို့တွေ့ခဲ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၁၃ ရက်)

ကမ္ဘာ့လူတုပ်ကွေးဧရာဂါ ကြိုတင်ကာကွယ်ဧရေးလုပ်ငန်းများ တိုင်းရင်းသားပြည်သူများ အမျိုးသားဧရေးတာဝန်အဖြစ် လက်တွဲပါဝင်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(OIE)တို့ ပူးပေါင်းကျင်းပသော တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် စံညွှန်းများနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့် ဆွေးနွေးပွဲကို ဇွန်လ ၈ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဆန်းသစ်လာသည့် တိရစ္ဆာန်ကူးစက်ရောဂါများနှင့် လူကိုကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးတွင် တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှုအခန်းကဏ္ဍ မြှင့်တင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍာအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါ **New Influenza A(H1N1)** သည် ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ရာ မြန်မာနိုင်ငံတွင်မူ ယနေ့အထိ မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးပါချေ။

ကမ္ဘာ့လူတုပ်ကွေးရောဂါသည် ဧပြီလ ၁၇ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့ရာ ဇွန်လ ၁၁ရက်နေ့အထိ ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံ၌ အတည်ပြုတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၈၇၇၄ ဦးရှိပြီး သေဆုံးသူ စုစုပေါင်း ၁၄၄ ဦးရှိ၍ ယင်းကမ္ဘာ့လူတုပ်ကွေးရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင် ဆောင်လာကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ယင်းရောဂါသည် ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားနိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လွန်ခဲ့သော ဧပြီလ ၂၅ရက်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ဆန်းသစ်လာသော ဝက်ရောဂါအကြောင်း ပညာပေးဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ပြီး ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို အပူချိန် ၇၀ ဒီဂရီစင်တီဂရိတ် / ၁၆၀ ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်ပါက ဗိုင်းရပ်စ်ရှင်သန်မှုမရှိကြောင်းနှင့် စနစ်တကျသန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်နိုင်မှုမရှိကြောင်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်ထားသည်။

ယခုဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေကို ပြည်သူလူထုအား ရပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ တစ်ဆင့် ကြိုတင်ကာကွယ်နိုင်ခဲ့ရေး၊ ကျန်းမာရေးအသိပညာပေးခြင်းကို အဆိုရှိနှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ကမ္ဘာ့နိုင်ငံအချို့၌ ဖြစ်ပွားနေသော ကမ္ဘာ့လူတုပ်ကွေးရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမပြုနိုင်ရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများအားလုံးက အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲတားဆီးကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၃-၆-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၀၆၀၀ ၁။ မြဝတီအဖွင့်
၀၆၀၅ ၂။ အဖွင့်သီချင်း
၀၆၁၀ ၃။ မိုးချစ်တပ်မတော်
၀၆၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုမှတ်တမ်း
၀၆၃၀ ၅။ မြန်မာ့ဒေသဖွံ့ဖြိုးရေးဂေါ်
၀၆၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အဝတ်အစား ပြိုင်ပွဲအစီအရဲ့**
၀၇၀၀ ၇။ သာယာဝီငယ်ကြား ဧရာတံဆိပ်ကြာ
၀၇၀၅ ၈။ အဆိုသားရေးတေးကချာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အဆိုသားရေးတေးကချာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းဆီးဆရဲ့ **ပြိုင်ပွဲအခန့်သင့် သင္ဘောပါများ** (အပိုင်း-၁၁)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်မေါ်ကလပ်ရုပ်ရှင် **ရွှေကုန်စောချမယ်** ဟိန်းဝေယံ၊ အိန္ဒြာကျော်ဆင်း (၁၆)ရိကံတာ ဇော်ဆက်)
၁၃း၅၅ ၆။ သာယာဝီကြွေးဂေါ်ဆန်းတေး
၁၄း၀၀ ၇။ ရသမဲ့လင်ရုပ်မြင်စောတ်လမ်း **မောင်နဲ့သားဆိုရင်** (အပိုင်း-၅၅)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူရဲ့ပွဲတုပျဉ်ခွဲ
၄း၂၅ ၄။ မြန်မာ့ဒေသဖွံ့ဖြိုးရေးဂေါ်
၄း၅၀ ၅။ မိုးချစ်တပ်မတော်
၄း၅၅ ၆။ အဆိုသားရေးတေးကချာ
၅း၀၀ ၇။ သာယာဝီကြွေးဂေါ်ဆန်းတေး
၅း၄၀ ၈။ ချစ်ခွင်ရော်သရုပ်ဆောင်ကဏ္ဍာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အဆိုသားရေးတေးကချာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ ရသမဲ့လင်ရုပ်မြင်စောတ်လမ်း **ဆယ်ကျော်သက်သတို့သမီး** (အပိုင်း-၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အဆိုသားရေးတေးကချာ
၁၉။ လှလွင်တော်ရွေလား
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယနေ့ည၊အတွက် မြဝတီ၏တေးလက်ဆော
၂၂။ ရသမဲ့လင်ရုပ်မြင်စောတ်လမ်း **တရားရှင်နှင့် ကျန်ကျောင်း** (အပိုင်း-၁၇)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇွန် ၇ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့၊ နဝရတ်ခန်းရှိ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့မများနှင့် တွေ့ဆုံခွဲ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ပေးအပ်

ယင်းနေ့က ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ပေါင်းတည်(မြို့မ) အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်စုံစီကိုလည်းကောင်း၊ ပေါင်းတည်မြို့နယ်ရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ ကိုယ်ဝန်ဆောင် ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးသေတ္တာများကို လည်းကောင်း ပေးအပ်သည်။ **(အပေါ်ပုံ)**

ကျန်းမာရေးပညာပေး

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသ) ဒေါက်တာကြီးမြင့်နှင့် ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းတို့က ဆေးစိမ်ခြင်ထောင်များ၊ အိမ်သာဂန်များနှင့် ကျန်းမာရေးပညာပေး လက်ကမဲစာစောင်များကို သက်ဆိုင်ရာ ကျန်းမာရေးဌာနအလိုက် ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့နယ် သမဲကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆေးသေတ္တာပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးသည် သမဲကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် လေဆာပရင်တာတစ်လုံးနှင့် သမဲကုန်းကျေးရွာအုပ်စုရှိ ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးသေတ္တာများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဆေးရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေအောက်ရေတွင်းများ ရေဓာတ်ညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ရန် ဝန်ကြီးဌာန ဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကို ဇွန် ၁၁ ရက် (ကြာသပတေး နေ့) ဇွန်းလွဲ ၂ နာရီက မြို့နယ်ဆေးချစ်သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး) က ဆောင်ရွက်ပြီး သဘာပတိ တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်းက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး(တွဲဖက်အတွင်းရေးမှူး-၁) က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကိုရှင်းလင်းပြီး ဥက္ကဋ္ဌ တက္ကသိုလ်ဒေါ်နီနီမာ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကေကျာန်း၊ အတွင်းရေးမှူး ရွှေယဉ်ဦးသက်ဝင်း၊ ဘဏ္ဍာရေးမှူး ရွှေမြင့်ဦးထွန်းရီ၊ စည်းရုံးရေးမှူး(ဧရာင်း) ဖျာပုံဒေါ်မာသီ၊ ပြန်ကြားရေးမှူး ဦးကျင်ထွန်းဆောင်(မိုးပုလဲ)၊ အဖွဲ့ဝင်များဖြစ်ကြသော စန္ဒရား ဦးဘိုဘာထွန်းညွှန့်၊ ဦးမိုးခင်ကျော်၊ ဦးမိုးထွဋ်မြိုင်၊ စန္ဒရားကိုဦး၊ ဦးမျိုးကျော်တို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်သွားကို ပုဇွန်ဖားဦးမြင့်လှိုင် (ပြန်ကြားရေးမှူး-၁)က ပေးအပ်၍ ဖွဲ့စည်းတာဝန်ပေးလိုက်ပြီး မြို့နယ်ဂီတအစည်းအရုံးသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လသာမြို့နယ် စစ်ပြန်ကြီး စကြည့်တိုက် နယ်လှည့်ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၂

လသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မေ ၂၀ရက်က လသာမြို့နယ် အမှတ်(၂)ရပ်ကွက် စစ်ပြန်ကြီးစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်မူမူတင်က စာဖတ်သူတို့းများရေး ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးခော်ဟိန်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ **(မြို့နယ် မြန်/ဆက်)**

မော်လမြိုင်မြို့နယ် ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အထွေအထူအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများပေးအပ်ပွဲကို မေ ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွေမြိုင်ခန်းမ၌ကျင်းပရာ မြို့နယ်အထွေထူအုပ်ရေးမှူး ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်အထွေထူအုပ်ချုပ်ရေးမှူးနှင့် ဒုတိယဦးစီးမှူးများက တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၅ဦးတို့အား ပညာသင်စရိတ်ငွေကျပ် ၁၂၉၉၀၀ နှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး နိုင်ငံရေးအမြင်၊ စည်းရုံးရေးအမြင်၊ လုံခြုံရေးအမြင်တို့ဖြင့် ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်

မိမိတို့ ဝန်ထမ်းများကို အမျိုးသားအကျိုးစီးပွား ဘက်တော်သား အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်

နေပြည်တော် ဇွန် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာရည်ချန်ဆုချီးမြှင့်ခြင်း၊ ပညာသင်စရိတ်ပေးအပ်ခြင်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး (အပေါ်ပုံ) **ပညာရည်ချန်ဆုနှင့် ပညာသင်စရိတ်များ ပေးအပ်ချီးမြှင့်သည်။**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဆုရဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများထဲမှ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ပညာရည်ချန်ဆုချီးမြှင့်ခြင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ပေးအပ်ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာရှိသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

စံပြဝန်ထမ်း

နှစ်ပတ်လည်နေ့အခမ်းအနားများ ကျင်းပရခြင်း ရည်ရွယ်ချက် နှစ်ချက်မှာ ဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များ၏ အားနည်းချက်နှင့် အားသာချက်များ ပိုမိုရရှိအောင် ပိုင်းဝန်းသုံးသပ် ဆောင်ရွက်ရန်နှင့် ပြီးခဲ့သောကာလအတွင်း လုပ်ငန်း တာဝန်များကို စေတနာထား၍ ထူးချွန်စွာကြိုးစားဆောင်ရွက်ကြသော စံပြဝန်ထမ်းများအား ဆုချီးမြှင့်ပြီး ရှေ့ဆက်လက်၍ ယခုထက် ထူးချွန်ထက်မြက်သော စံပြဝန်ထမ်းများ ပိုမိုပေါ်ထွန်းလာကာ လုပ်ငန်းပိုမိုအောင်မြင် တိုးတက်အောင် ဆောင်ရွက်ရန်တို့ပင်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍ ဆောင်ရွက်မှုအနေဖြင့် ယခုအခမ်းအနားတွင် ဝန်ထမ်းသားသမီးများအနက်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တစ်ဘာသာဂုဏ်ထူးရှင် ၁၇ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် ငါးဘာသာ ဂုဏ်ထူးရှင် လေးဦး စုစုပေါင်း ၂၈ဦးတို့အား ဆုများချီးမြှင့်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် အရာရာတွင် ပညာနှင့်နည်းပညာကို စေစားအသုံးပြုနေသော ယနေ့ခေတ်တွင် ပညာထူးချွန်၍ နည်းပညာကျွမ်းကျင်တတ်မြောက်မှသာ မိမိနှင့် မိမိမိသားစုမှစ၍ နိုင်ငံတော်အထိ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မည်ဆိုသည်ကို အလေးဂရုပြု၍ ပညာနှင့်နည်းပညာ ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံရေးအမြင်၊ စည်းရုံးရေးအမြင်၊ လုံခြုံရေးအမြင်တို့ဖြင့် ပြည်သူလူထုနှင့်အတူ လက်တွဲပြီးဆောင်ရွက်သွားရန်၊ မိမိတို့ ဝန်ထမ်းများကို အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေး မြင့်မားသော မီဒီယာသမားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ပညာရည်ချန်ဆုများ ချီးမြှင့်စဉ်။

(သတင်းစဉ်)

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ပညာရည်ချန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းနေ ဝန်ထမ်းသားသမီးများအတွက် ဗလာစာအုပ်များနှင့် ပညာသင်စရိတ်အဖြစ်မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၂၆၅ဦးအတွက် ကျပ် ၈၅၆၅၅၀ တို့ကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့ထံ အသီးသီးပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ၂၀၀၈-၂၀၀၉ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော စီမံထူးချွန် (ပထမဆင့်)တံဆိပ်ရ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ၅၅ဦးတို့ကိုယ်စား ထုတ်လုပ်မှုဌာနခွဲမှ ဒေါ်သက်သက်တင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော နေပြည်တော်ပုံနှိပ်စက်ရုံအတွက် စံပြစက်ရုံဆုကို စက်ရုံမှူး ဦးဝင်းလှိုင်အား ပေးအပ်ချီးမြှင့်သည်။

တူညီဝတ်စုံ

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ကဏ္ဍအလိုက် ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမောင်ဝင်းထံ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေးက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအားလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဌာနကြီးမြောက်ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က နေပြည်တော်ပုံနှိပ်စက်ရုံ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် ဇွန်လအတွက်

(၁၄-၆-၂၀၀၉) ရက်နေ့

နှင့်

(၂၈-၆-၂၀၀၉) ရက်နေ့

ပြည်နယ်/တိုင်းနှင့် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ မန္တလေးမြို့ ဗထူးအားကစားကွင်း အားကစားရုံတွင် ကျင်းပမည်

ရန်ကုန် ဇွန် ၁၂

၂၀၀၉ခုနှစ် အကြိမ် (၄၀)မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၊ အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ဇူလိုင် ၁၁ရက်မှ ၂၄ရက်အထိ မန္တလေးမြို့ရှိ ဗထူး အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည် ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲတွင် အလွတ်တန်း(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲနှင့် ယူ-၁၈(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများထည့်သွင်းကျင်းပ သွားမည်ဖြစ်သည်။ ယူ-၁၈ပြိုင်ပွဲအတွက် အသက် ကန့်သတ်ချက်မှာ ၁၉၉၁ခုနှစ် မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး အသက်စိစစ်နိုင်ရန် နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြရမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်း မရှိပါက သတ်မှတ်ဖွဲ့စည်းထားသော ဆေးအဖွဲ့၏ စစ်ဆေးချက်ကိုသာ အတည်ပြုမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲဝင် အားကစားသမား အရည်အချင်း ကန့်သတ်ချက်မရှိဘဲ မည်သည့် အဆင့်တွင်မဆို ပါဝင် ယှဉ်ပြိုင်သူများ အားလုံးကို ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မဲနှိုက်မည်

အကြိမ်(၄၀)မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲအတွက် အုပ်ချုပ်သူများ အစည်းအဝေးနှင့် ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းကို ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီတွင်လည်းကောင်း၊ အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲအတွက် ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို ဇူလိုင် ၁၅ရက် မွန်းလွဲ ၁နာရီတွင်လည်းကောင်း ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အရှေ့တောင်အာရှဒေသ၏ အရှည်ဆုံးတံတား
အင်ဒိုနီးရှားနိုင်ငံတွင် ဖွင့်လှစ်

ဆူရာဘာယာ(အင်ဒိုနီးရှား) ဇွန် ၁၂

အင်ဒိုနီးရှားနိုင်ငံရှိ ဂျာဗားပြည်နယ် အရှေ့ပိုင်းနှင့် မာဒူရာကျွန်းတို့ကို ဆက်သွယ်ပေးသည့် ဆူရာဘာယာ- မာဒူရာတံတားဟု လူသိများပြီး အရှေ့တောင်အာရှတွင် အရှည်ဆုံး ပင်လယ်ဖြတ်ကျော်တံတားကြီးအဖြစ် ဇွန် ၁၀ ရက်က အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ (အပေါ်ပုံ)

ဆူရာမာဒူတံတားကြီး ဖွင့်ပွဲသို့ အင်ဒိုနီးရှားပြည်သူ ၅၀၀၀ ခန့်တက်ရောက်သည်။ တံတားဖွင့်လှစ်ပွဲ အခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနို တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြောကြား

အင်ဒိုနီးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသော ဆူရာမာဒူတံတားကြီးသည် ယင်းတည်ရှိရာ ဂျာဗားပြည်နယ် အရှေ့ပိုင်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကျိုးအမြတ် ဖြစ်ထွန်းစေလိမ့်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံအတွင်း အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် မဖွံ့ဖြိုးမတိုးတက်သေးသော မာဒူရာကျွန်းကို ပိုမို အကျိုးဖြစ်ထွန်းစေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဖော်ပြ

အဆိုပါ တံတားကြီးသည် ဆူရာဘာယာဘက်ကမ်းတွင် လမ်းအရှည် ၁၄၅၈ မီတာ၊ မာဒူရာဘက်ကမ်းတွင် လမ်းအရှည် ၁၈၁၈မီတာ၊ ကောဘယ်လ်ကြိုးဆိုင်းပင်မတံတားအရှည် ၈၁၈မီတာ၊ နှစ်ဖက်တံတားချဉ်းကပ်လမ်းအရှည် ၁၃၄၄မီတာရှိရာ စုစုပေါင်းတံတားအရှည် ၅၄၃၈ မီတာရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဧပြီနောက်ပိုင်း ပါကစ္စတန်၌ စစ်သွေးကြွ ၁၃၀၀သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၁၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ်ရှိ မာလာကန်ဒါဒေသနှင့် ဒီယာဒေသများ၌ ဇွန် ၁၀ ရက်တွင် ဖြစ်ပွားသည့် တိုက်ပွဲအတွင်း စစ်သွေးကြွ ၂၃ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

၎င်းနိုင်ငံရှိ ဆွတ်တောင်ကြားဒေသနှင့်ဒီယာဒေသတို့တွင် ပြင်းထန်သည့် တိုက်ပွဲများကြောင့် ပြည်သူများရွှေ့ပြောင်းနေထိုင်ကြရသည်။

ယခုနှစ် ဧပြီလနောက်ပိုင်းမှ စတင်ကာ ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသများ၌ တာလီဘန်စစ်သွေးကြွများနှင့် တပ်ဖွဲ့ဝင်များ အပြန်အလှန် တိုက်ခိုက်မှုများကြောင့် စစ်သွေးကြွ ၁၃၀၀ကျော်သေဆုံးခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

ဝါရှင်တန်ပြတိုက်၌ ပစ်ခတ်မှုဖြစ်ပွား

ဝါရှင်တန် ဇွန် ၁၂

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့လယ်ရှိ ပြတိုက်တစ်ခု၌ ဇွန် ၁၀ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားသဖြင့် နှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါသေနတ်သမားသည် ပြတိုက်အတွင်းသို့ လမ်းလျှောက်လာပြီး လုံခြုံရေးဂိတ်အရောက်တွင် ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို ကိုးကားလျက် ပြည်နယ်အသံလွှင့်ဌာနက သတင်းကြေညာသည်။

၎င်းပြတိုက်သည် ဝါရှင်တန်မြို့၌ ကမ္ဘာလှည့်ခရီးသည် အများဆုံးလာရောက်လျက်ရှိပြီး နှစ်စဉ်လာရောက်သည့်ခရီးသည် ၁ ဒသမ ၇ သန်းခန့်ရှိသည်။ (အင်တာနက်)

ကမ္ဘာ့နိုင်ငံများ A(H1N1) တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြရန်
ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား

နယူးယောက် ဇွန် ၁၂

A(H1N1) တုပ်ကွေးရောဂါ ပျံ့နှံ့ ဖြစ်ပွားလာမှုနှင့် ရောဂါပြင်းထန်မှုအနေအထားကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သတင်းထုတ်ပြန်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရောဂါကူးစက် ပျံ့ပွားမှုကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း(အောက်ပုံ)က ဇွန် ၁၂ရက်တွင် တိုက်တွန်းလိုက်သည်။

တိုက်တွန်းပြောကြား

A(H1N1) တုပ်ကွေးရောဂါပျံ့နှံ့ ဖြစ်ပွားလာမှုအပေါ် မိမိစိုးရိမ်ပူပန်မိကြောင်း၊ ရောဂါကြောင့် သေဆုံးမှုလျော့ကျရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု အသွင်ဖြင့် အကောင်းဆုံးရင်ဆိုင် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက တိုက်တွန်းပြောကြားသည်။

ကြိုးစားနေ

ထို့အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်ကလည်း "ကမ္ဘာ့ကပ်ရောဂါအသွင်ဆောင်လာသော A(H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ ကမ္ဘာ့နိုင်ငံတိုင်း အထူးကြပ်မတ်ကာကွယ်သင့်သော ကူးစက်ရောဂါတစ်ရပ် ဖြစ်လာကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါဖြစ်ပွားပျံ့နှံ့မှု လျင်မြန်နိုင်သဖြင့် အထူးဂရုပြုကာကွယ် တားဆီးရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ လောလောဆယ်တွင် A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုကို ဟန့်တားကာကွယ်ရန် ကြိုးစားနေရဆဲဖြစ်ကြောင်း" ပြောကြားသည်။

ဖော်ပြထား

A(H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံ ၇၄ နိုင်ငံ၌ သေဆုံးသူဦးရေမှာ စုစုပေါင်း ၁၅၀ခန့်ရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဇွန် ၁၂ရက်က ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။ ။ (အင်တာနက်)

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကွီတာမြို့မှကရာချိမြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင် မီးရထားတစ်စင်း၌ ဗုံးပေါက်ကွဲပြီးနောက် ဇွန် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘာကူဘာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဒီယာလာ ဇွန် ၁၂

အီရတ်နိုင်ငံ ဘာကူဘာမြို့အနီးရှိ ဘာလက်ရုန်ပြည်နယ်တွင် ဇွန် ၁၀ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

လုံခြုံရေးကင်းလှည့်နေသည့် အီရတ်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အနီး လမ်းဘေးဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်မှာလည်း ပျက်စီးသွားခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

ဗုံးထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား ကယ်ကွတ်၌ နှစ်ဦးသေဆုံး

ကယ်ကွတ် ဇွန် ၁၂

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ အရှေ့တောင်ပိုင်းရှိ အယ်ဟူဝါဂျေဒေသ၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက သေနတ်သမားနှစ်ဦးမှာ ဗုံးထောင်ရန်ကြိုးပမ်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသေနတ်သမား နှစ်ဦးစလုံးမှာ ယင်းနေရာ၌ပင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲဆာဟတ်ကာဒါက ပြောကြားသည်။

အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းတပ်ဖွဲ့က အယ်ဟူဝါဂျေဒေသရှိ ကျေးရွာသုံးရွာသို့ ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ရာ သေနတ်သမားနှစ်ဦး အပါအဝင် ၁၀ ဦးကို ဖမ်းဆီးခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်အချို့ကိုလည်း သိမ်းဆည်းနိုင်ခဲ့သည်။ (အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ယင်းဖြစ်ရပ်ကြောင့် အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

တရုတ်-အာဖဂန်နစ္စတန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်နှင့်အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။

မိမိတို့နှစ်နိုင်ငံမှာ ရှေးယခင်ကတည်းက တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးခဲ့ပြီး အပြန်အလှန် ကူညီမှုနှင့်ယုံကြည်လေးစားမှုများရှိခဲ့ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုပြုလုပ် သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျီချီက အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီး ရန်ဂျင်ဒက်ဖာစပန်တာအား ပြောကြားခဲ့သည်။

ပါဝင်ကူညီ

တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုမှာ အာဖဂန်နစ္စတန်အတွက် အလွန်အရေးပါသည့် ကိစ္စရပ်တစ်ခုပင်ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် အားတက်သရော ပါဝင်ကူညီခဲ့သည့် တရုတ်နိုင်ငံအား ကျေးဇူးအထူးပင် တင်ရှိပါကြောင်း စပန်တာက ပြန်လည်ပြောကြားခဲ့သည်။

စပန်တာသည် ယန်၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ဇွန် ၉ ရက်မှ ၁၂ရက်အထိလေးရက်တာ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုတို့နှင့်စပ်လျဉ်း၍တရားခံပြသက်သေဒေါ်ခင်မိုးမိုးအား ဆင့်ခေါ်စစ်ဆေးရန်ချိန်းဆို

နေပြည်တော် ဇွန် ၁၂

အမေရိကန်နိုင်ငံသား Mr.John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/၂၀၀၉နှင့် ၄၉/၂၀၀၉တို့နှင့် စပ်လျဉ်း၍ ယနေ့ ဇွန် (၁၂)ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ရုံးထိုင်သည်။

ယင်းသို့ရုံးထိုင်ရာတွင် ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၃၇/၂၀၀၉အမှု၏ ဇွန် (၉)ရက်နေ့စွဲပါ အမိန့်အရ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉တွင် စစ်ဆေးရန် ညွှန်ကြားထားသော တရားခံပြသက်သေ ဒေါ်ခင်မိုးမိုးအား ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ဆင့်ခေါ်စစ်ဆေးရန်အတွက် ဇွန် (၂၆)ရက် နံနက် (၁၀)နာရီသို့ အမှုများကို ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနှင့် Malaysian Timber Council စီးပွားရေးမစ်ရှင်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၂

Mr. Ahmad Shah Mohamad ဦးဆောင်သောအဖွဲ့ဝင် ၁၁ဦးပါဝင်သည့် မလေးရှားနိုင်ငံ Malaysian Timber Council စီးပွားရေးမစ်ရှင်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနှင့် Malaysian Timber Council တို့ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကညင်သစ်လုံးနှင့် ခွဲသားကုန်ကြမ်း ဖြည့်တင်းမှုအရင်းအမြစ်ရှာဖွေရန်နှင့် သစ်အခြေခံသစ်အချောထည် ပစ္စည်းများ၊ သစ်ခွဲသားများ ရောင်းဝယ်ရေးအတွက် ဈေးကွက်ရှာဖွေရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထို့ပြင် မလေးရှားနိုင်ငံမှ Holmawood Sdn Bhd. Shinagawa Sdn Bhd. Kompleks Perkayuan Kelantan Sdn Bhd နှင့် How Mah Pacific(M) Sdn Bhd တို့မှ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြပြီး သစ်အခြေခံစက်ရုံများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ကရစ်တံတား ကွင်းဆင်းစစ်ဆေး

နောင်ချို ဇွန် ၁၂

နောင်ချို မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အတွက် ဆောင်ရွက်သည့် ကျောက်မဲသျှမ်း လမ်းကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို မေ၂၉ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံ အင်ဂျင်နီယာ ဦးရဲထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ ဦးအောင်ဗိုလ်ဗိုလ်တို့က လုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်း တင်ပြသည်။

အကုန်အကျခံ

အဆိုပါ တံတားမှာ (၂၀×၃×၃) ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၂၂၅၅၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဇွန် ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းခရိုင်ရုံး အနောက်ပိုင်းမှ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်း (ဒုတိယညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ယာဉ်ထိန်း တပ်ဖွဲ့နှင့် ပူးပေါင်း၍ ဇွန်၆ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းမ (ပြည်ထောင်စုခုံးကျော် တံတားအနီး)ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်းများအား ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေးအတွက် ယာဉ်ကြိုခိုင်မှု ရှိမရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိတို့ကို ရှောင်တခင်စစ်ဆေး၍ **(အောက်ပုံ)** ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၆-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်၏ ဥပွါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ကဗျာပန်းဥယျာဉ်
၇း၅၀ ၅။ သံသာချိအေးမင်္ဂလာတေး
၈း၀၅ ၆။ ရခိုင်ချောင်တံတား
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၅ ၈။ **ရင်းနီးကျွမ်းဝင်ခရီးစဉ်** (အပိုင်း-၁)
၈း၄၀ ၉။ International News
၈း၅၀ ၁၀။ အကပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာအရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၀ ၅။ Yan Can Cook
၁၂း၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၁)
၃၃း၂၅ ၇။ တေးဂီတအစီအစဉ်
၃၃း၃၅ ၈။ ပြည်သူ့နီတိ **ကိုယ်ချင်းစာ** ပြေတီဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ဦးခင်ဇော်)
၁၄း၀၀ ၉။ အတီးပြိုင်ပွဲ
၁၄း၂၀ ၁၀။ **အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ**
၁၄း၃၀၁၁။ ပြည်ထောင်စု တိုင်ရင်းသား ရိုးရာအက
၁၄း၄၅၁၂။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဂိုင်းကြီးဖျော်ဖြေ တင်ဆက်မှုအစီအစဉ်
၄း၃၅ ၄။ မုဟန်သွယ်သွယ်ဆိုကြမယ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၇။ **ဒီးစီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသူဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၅း၃၀ ၈။ တေးဂီတအစီအစဉ်
၅း၄၀ ၉။ ချစ်စရာအရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၅ ၁၃။ တေးဂီတအစီအစဉ်
၇း၀၀ ၁၄။ ပဉ္စလက်ကျောင်းတော်
၇း၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပေါ်ပြူလာအချစ်** (အပိုင်း-၁)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၁၅)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်**(အပိုင်း-၁၈)

မြန်မာ့အသင်း နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ပြင်သစ်လေယာဉ်မှ အလောင်းများထပ်မံဆယ်ယူရရှိ

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဇွန်၁၈ရက်က ပျက်ကျခဲ့သော ပြင်သစ်ခရီးသည်တင်လေယာဉ်မှ အလောင်းခြောက်လောင်းကို ဇွန်၁၂ရက်က ထပ်မံ ဆယ်ယူရရှိခဲ့ရာ စုစုပေါင်းအလောင်း ၅၀ခန့် ဆယ်ယူရရှိပြီးဖြစ်ကြောင်း ဘရာဇီးရေတပ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်မြင့်တက်လာရာ ဇွန် ၁၂ရက် ဈေးကွက် ပိတ်ချိန်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၃ဒေါ်လာအထိ မြင့်တက်လာကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အို့ပက်)က သတင်းထုတ်ပြန်သည်။

ဘိုလီးဗီးယား၌ ရထားမတော်တဆဖြစ်မှု ၁၂ဦးသေဆုံး

ဘိုလီးဗီးယားနိုင်ငံအလယ်ပိုင်း ကိုချာဘမ်ဘာမြို့တွင် ခရီးသည်တင် ရထားတစ်စင်းနှင့်ဘတ်စ်ကားတစ်စီးတို့ ဇွန် ၁၂ရက်က မတော်တဆတိုက်မိရာ ၁၂ဦးသေဆုံးပြီး ၂၃ဦးဒဏ်ရာရရှိခဲ့သည်။

ရရှားခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

ရုရှားနိုင်ငံ မော်စကိုမြို့မှ ဆိုက်ဘေးရီးယားဒေသသို့ ဇွန်၁၂ရက်က ပျံသန်းလာသောခရီးသည် ၁၂၂ဦးတင်ဆောင်လာသည့် အေ-၃၂၀လေယာဉ်သည် ရာသီဥတု ဆိုးရွားမှုနှင့်ကြုံတွေ့ရပြီး ဆိုက်ဘေးရီးယားဒေသ နိုဗိုစီဘရစ်မြို့ လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဇွန်၁၂ရက်နံနက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အရပ်သားခြောက်ဦးသေဆုံးပြီး လူ၉၀ခန့် ဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

အီဂျစ်၌ တုပ်ကွေးရောဂါကူးစက်သူ သုံးဦးထပ်မံဖြစ်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဇွန် ၁၂ရက်က A(H1 N1)တုပ်ကွေးရောဂါ ဖြစ်ပွားသူ သုံးဦးကို ဆေးရုံတင်ပို့ကုသစေခဲ့ရာ အီဂျစ်နိုင်ငံ၌ A(H1 N1)တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၅ဦးရှိပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးအရာရှိများက သတင်းထုတ်ပြန်သည်။

ပေကျင်းမြို့ မြောက်ပိုင်း၌ မီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံ ပေကျင်းမြို့မြောက်ပိုင်း ချန်ပင်းခရိုင်အတွင်းရှိ လဟာပြင်ဈေး၌ ဇွန် ၁၂ရက် မွန်းလွဲ ၁နာရီ မိနစ် ၄၀ခန့်က မီးလောင်မှုဖြစ်ပွားရာ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း ပေကျင်းမြို့ မြူနီစီပယ်အရာရှိများက ပြောကြားသည်။

အစ္စရေးနှင့်ဂါဇာအကြား ရေနံပိုက်လိုင်းဆက်သွယ်ပြီ

အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသသို့ ရေနံပိုက်လိုင်းသွယ်တန်းမှုမှာ ဇွန် ၁၂ရက်က အောင်မြင်စွာပြီးစီးခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။ ယင်းပိုက်လိုင်းသည် အစ္စရေးမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ဂါဇာကမ်းမြောင်ဒေသသို့ ပေးပို့ရန်ဖြစ်သည်။

ဘိုလီးဗီးယားသမ္မတ ကျူးဘားသို့ ရောက်ရှိ

ဘိုလီးဗီးယားနိုင်ငံ သမ္မတ အီဗိုမိုရာလက်စ်သည် ကျူးဘားခေါင်းဆောင်ရာအူးလ်ကတ်စထရိုနှင့် တွေ့ဆုံဆွေးနွေးရန် ဇွန်၁၂ရက်က ကျူးဘားနိုင်ငံ ဟားဗားနားမြို့သို့ ရောက်ရှိသည်။ ဘိုလီးဗီးယား သမ္မတသည် ကျူးဘားခေါင်းဆောင် ဟောင်း ဖီဒယ်လ်ကတ်စထရိုနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကျီဝေအရပ်၌ ဇွန်၁၂ရက်က မြေပြိုမှု ထပ်မံဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၁၀ဦးခန့် ဒဏ်ရာရရှိသွားကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၅/၀၉)ကို ဇွန် ၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းအဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ်တွင် ကျင်းပမည် ဖြစ်ပြီး ဦးစောထွေးဇော်က Construction of primary schools in Delta areausing Interlocking Soil Brick ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ CPD Talk ဖြစ်သဖြင့် Registered Architect များ မပျက်မကွက် (မပျက်မကွက်) တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀နှင့် ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁-၁၆၉၈၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာနိုင်ငံဗိသုကာအသင်း)

အားကစားဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

အားကစားဝန်ကြီးဌာန ၂၀၀၉ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်စနာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် အားကစားဝန်ကြီးဌာန ဝန်ထမ်းများ၏ အရိပ်ရလေကာပင်၊ သီးပင်စားပင်မျိုးစုံစိုက်ပျိုးနေမှုကိုလည်းကောင်း၊ ယခင်နှစ်များက စိုက်ပျိုးထားသည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီစသည့် နှစ်ရှည်ပင်၅၈၀၀၊ ၄၀၊ ခရေ၊ ပိတောက်၊ ကုံကော်၊ ပျဉ်း၊ စိန်ပန်း၊ ရေတမာစသည့် ပန်းအလှနှင့် အရိပ်ရပင် ၃၁၀၀၊ သရက်၊ ဒန့်သလွန်စသည့် သီးပင်စားပင်၁၆၄၆ပင်တို့အနက် မရှင်သန်သည့် အပင်များအား အစားထိုး ကွက်လပ်ဖြည့် စိုက်ပျိုးနေခြင်းများနှင့် မြေဆွပေါင်းသင်ခြင်းများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

စိုက်ထည့်ပေး

ယင်းနောက် ဝန်ကြီးသည် တစ်ဖက်ပိတ်ဆည်၌ ကျင်းပသော ၂၀၀၉ခုနှစ် အားကစားဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ ရွှေဝါငါးကြင်း သားပေါက်၂၀၀၀၊ ငါးမြစ်ချင်းသားပေါက် ၉၀၀၀နှင့် ငါးခုံးမသားပေါက် ၉၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ကို စိုက်ထည့်ပေးသည်။

အားကစားဝန်ကြီးဌာန အနေဖြင့် ယနေ့စိုက်ပျိုးသော အပင်မျိုးစုံအပါအဝင် နှစ်ရှည်ပင်၊ ပန်းအလှပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင် စုစုပေါင်း ၁၀၅၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းမြို့ ကမ္ဘာ့ပတ် ဝန်း ကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၄ရက်က ဧည့်ရိပ်သာ ဝင်း၌ ကျင်းပရာ ဌာနဆိုင်ရာတာ ဝန် ရှိ သူ များ၊ ကြက်ခြေနီ၊ မီးသတ်နှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ စုပေါင်း စိုက်ပျိုးကြစဉ်။ (၀၀၂)

ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့

ရန်ကုန် ဇွန် ၁၂

စင်ကာပူသမ္မတနိုင်ငံတွင် ဇွန် ၅ ရက်မှ ၈ ရက်အထိကျင်းပခဲ့သော (၇)ကြိမ်မြောက် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (7th Special Olympics Singapore National Games) သို့သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့သည် ဇွန်၁၁ရက် မွန်းလွဲ၂နာရီက ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့် တာဝန်ရှိသူများ၊ မိဘများနှင့် အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ၇ဏ်ပြုပန်းစည်းများ ပေးအပ်၍ ကြိုဆိုကြသည်။

ဆွတ်ခူးရရှိ

အဆိုပါပြိုင်ပွဲသို့ မြန်မာ၊ စင်ကာပူ၊ ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် တီမောနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူ အားကစားသမား ဘိုဘိုသိန်းက မီတာ ၁၀၀တွင် ရွှေတံဆိပ်တစ်ခု၊ သိန်းထိုက်ထိုက်ကျော်က အလျားခုန်တွင် ရွှေတံဆိပ်တစ်ခု၊ စန်းထွေးက သံလုံးပစ်တွင် ငွေတံဆိပ်တစ်ခု၊လှိုင်ထက်အောင်က အလျားခုန်တွင် ငွေတံဆိပ်တစ်ခု၊ လင်းလင်းထက်က မီတာ ၂၀၀တွင် ငွေတံဆိပ်တစ်ခု၊ ကြူကြူစိုးက ဘိုချီ တစ်ဦးချင်းတွင် ငွေတံဆိပ်တစ်ခု၊ ကြူကြူစိုးနှင့် ကိုင်စဉ်က ဘိုချီနှစ်ယောက်တွဲတွင် ငွေတံဆိပ်နှစ်ခု၊ ဘိုဘိုသိန်းက သံလုံးပစ်တွင် ကြေးတံဆိပ်တစ်ခု၊ သိန်းထိုက်ထိုက်ကျော်က မီတာ၁၀၀တွင် ကြေးတံဆိပ်တစ်ခု၊ ငြိမ်းချမ်းအောင်က မီတာ၁၀၀တွင် ကြေးတံဆိပ်တစ်ခု၊ ငြိမ်းချမ်းအောင်က အလျားခုန်တွင် ကြေးတံဆိပ်တစ်ခု၊ လင်းလင်းထက်က မီတာ၁၀၀တွင် ကြေးတံဆိပ်တစ်ခု၊ သီသီခိုင်က သံလုံးပစ်တွင် ကြေးတံဆိပ်တစ်ခုနှင့် ကိုင်စဉ်က ဘိုချီတစ်ဦးချင်းတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ်ခုနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သီရိမင်္ဂလာခန်းမဝန်းကျင် သန့်ရှင်းရေး၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းကို မေ၁၉ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျွန်းနှင့် သစ်မာစိုက်ပျိုးရေး တာဝန်ပေးအပ်

ပေါင် ဇွန် ၁၂

သစ်တောဦးစီးဌာနကကြီးမှူး၍ ပေါင်မြို့နယ်အတွင်း ၂၀၀၉-၂၀၁၀ မိုးရာသီ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင်၂၀ နှင့် တစ်ရွာတစ်ဧက စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို မေ ၂၅ ရက် နံနက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်

ရေးဦးစွာ ကျွဲခြံကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးမြသိန်းက အမှာစကား ပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ တောအုပ်ကြီး ဦးအောင်ကျော်က တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာအပင်၂၀နှင့် တစ်ရွာတစ်ဧကစိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးပုံနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌနှင့် မြို့နယ် တာဝန်ခံ တောအုပ်ကြီး ဦးအောင်ကျော်တို့က စိုက်ပျိုးရေးတာဝန် ပေးအပ်လွှာများကို ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တမူး၌ မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

တမူး ဇွန် ၁၂

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ၂၀၀၉ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဇွန် ၅ရက် နံနက် ၈ နာရီက တမူးမြို့ ခြသေ့ လေးကောင်နှင့် ကံကြီးတံတားလမ်းဘေး၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေလင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅၀ခန့် တက်ရောက်ပြီး သစ်ပင်များ စုပေါင်း စိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ ပူးပေါင်းကျင်းပသော တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများအတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ကသတ်မှတ်ထားသည့် စံညွှန်းများနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့်ဆွေးနွေးပွဲ(National Seminar on OIE Standards for Veterinary Services)ကို ဇွန်၈ရက် နံနက်စနာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာကော်မရှင်ဥက္ကဋ္ဌDr. Gardner Murray နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးတို့က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက်OIE ဒေသဆိုင်ရာကော်မရှင်နှင့် ဒေသဆိုင်ရာ ညှိနှိုင်းရေးယူနစ်မှ Dr. Gardner Murray, Dr.Ronello Abila, Dr. John Stratton နှင့် Dr. Laddawalaya တို့က OIE၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းထားရှိမှုနှင့် မူဝါဒများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းကူးသန်းရောင်းဝယ်ခြင်း၊ ဓာတ်ခွဲခန်းရောဂါစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ OIEက သတ်မှတ်ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ စံညွှန်းများ၊ အာရှနှင့်ပစိဖိတ်ဒေသအတွင်း ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေး လုပ်ငန်း ဆောင်ရွက်ချက်များ၊ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှု ခွမ်းရည်အကဲဖြတ်ခြင်း၊ တိရစ္ဆာန်သက်သာချောင်ချိရေး၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၊ ဇုန်နှင့်အပိုင်းအကန့်သတ်မှတ်၍ တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ခြင်း ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲညွှန်ကြားရေးမှူး ဒေါက်တာအယ်ဘူးမိန်းဂေါင်က မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆေးကုဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အကြံပြု

ယင်းနောက် ဗဟိုနှင့်ပြည်နယ်/တိုင်းအဆင့်၊ ပုဂ္ဂလိကကဏ္ဍာ၊ တိရစ္ဆာန်ဆေးပညာသင်ကြားရေးနှင့် သုတေသန၊ မီဒီယာကဏ္ဍနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအလိုက် တိရစ္ဆာန်ဆေးကုဝန်ဆောင်မှု စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို အုပ်စုခွဲ၍ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက ပိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ကာကွယ်ရေး ဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူထုတ်လုပ်ရေး ကုမ္ပဏီများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် ဇွန် ၁၂

ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးသည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် စနာရီက ကြို့ပင်ကောက်မြို့နယ် မြို့လယ်ချောင်းကျေးရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများ စုစုပေါင်း၂၅၀ကျော် တက်ရောက်ကြသည်။

စိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်အုန်းနှင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်သိန်းတို့က သစ်ပင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သစ်တောဦးစီးဌာန၏ ပျိုးပင်များဖြစ်သော ကျွန်း၊ ယူကလစ် စုစုပေါင်း အပင် ၁၂၀၀တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

သာကေတမြို့နယ် (၂)မြောက်ရပ်ကွက် အနောက်ဇင်္ဂမလမ်း အမှတ်၄၂နေ ဦးဘရွေအား ရည်စူး၍ ဒေါ်တင်နွဲနှင့် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေး လမ်းမကြီး ပေါ်ရှိ ဦးလှထွန်း မေ ထွာ ရိပ် ဖွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

မနေညြိတော် ဇွန် ၁၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် သက္ကတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည် ဇွန် ၆ ရက်က မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ၌ ကတိုး၊ ကော့နပဲနှင့် ကော့လှာကျေးရွာတို့မှ တာဝန်ရိုက်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်မများနှင့် ၎င်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးဇူးတရားစာအုပ်များကို ပေးအပ်ဂုဏ်ပြုခဲ့သည်။

ပုံပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုပြီး ဆောက်လုပ်ဆဲ ကတိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၇ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့နယ် မင်းရွာအုပ်စု ရွာသစ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်၌ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်မများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့နယ် နောင်ခရိုကျေးရွာသို့ ရောက်ရှိပြီး နောင်ခရိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံကျေးရွာပြည်သူများနှင့် ရပ်မိရပ်မများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျင်မြန်လွယ်ကူ၍ အဆင့်မီလုံခြုံမှုစနစ်မိတ်ဆက်

ရန်ကုန် ဇွန် ၁၂

Diamond Palace Travel & Tours Co., Ltd. သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည့် လျင်မြန်လွယ်ကူ၍ အဆင့်မီလုံခြုံမှုစနစ်ရှိသော **Online Visa on Arrival** နည်းစနစ်သစ်မိတ်ဆက် ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြာစုရုံးလမ်းရှိ **Parkroyal Hotel** ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမှာစကား ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် Diamond Palace Travel & Tours Co.,Ltd. ဥက္ကဋ္ဌ ဒေါ်ခင့်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ဦးသိန်းသန်းက မြန်မာ့ခရီးသွားလုပ်ငန်း စနစ်တကျ လွယ်ကူလျင်မြန်စွာ ဆောင်ရွက် တိုးတက်မြင့်မားရေးအတွက် ပြည်ဝင်ခွင့် နိုင်ငံရပ်ခြားသားများ ဗီဇာ Myanmar on Arrival Visa System Hotel & Tours-im Online Services Provider တို့နှင့်စပ်လျဉ်း၍ ပရိဂျက်တာမြင့် ရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးက နိဒါန်းချုပ်စကား ပြောကြားသည်။

(သတင်းစဉ်)

ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ မှဒုံမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် မှဒုံမြို့နယ်တွင် ၂၀၀၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ရက်က မှဒုံမြို့နယ် ကွမ်ဘာကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကား ပြောကြားပြီး မှဒုံမြို့နယ်သစ်တောဦးစီးအရာရှိ ဦးမန်းတင်ထွန်းကြည်က သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု အခြေအနေနှင့် ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဟောပြောသည်။

စိုက်ပျိုး

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို မှဒုံမြို့နယ် ကွမ်ဘာ-ကင်းချောင်းကျေးရွာချင်း ဆက် လမ်းဘေးဝဲယာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက မောက်ဂနီပင်ကိုလည်းကောင်း (ဝဲဘဲ)လူမှုရေးအသင်းအဖွဲဝင်များက မောက်ဂနီ၊ အော်ရေးရှား၊ မနဲကျည်း၊ ကုံကော်၊ ယူကလစ် အပါအဝင် ကျွန်းပင် စုစုပေါင်း ၂၀၀၀နှင့် ခြစ်ညှပ်ရိုး ကြက်ဆူပင် ၂၀၀၀ တို့ကိုလည်းကောင်း တပျော်တပါး စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကတ္တရာထပ်ပိုးလှာခင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇွန် ၁၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော အေးမြသာယာရပ်ကွက် အေးမြသာယာလမ်း (အရှည်ပေ ၈၇၀×၁၈၀) ကတ္တရာထပ်ပိုးလှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မေ၂၄ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်း စစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာသင်တန်း ဓမ်းချောင်းမြို့နယ်၌ပွင့်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် စစ်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာသင်တန်း (၁/၂၀၀၉)မှဖွင့်ပွဲကို ဇွန် ၉ ရက်က စစ်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုကိုတို့က အမှာစကား ပြောကြားသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၁၈ရပ်ကွက်မှ သင်တန်းသားသင်တန်းသူ ၅၄ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကျောက်မဲမြို့ သာယာလှပရေးဆောင်ရွက်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၅ရက်က နန္ဒမာလာပျိုးခြံဆည်းကပ် ပျိုးပင်များပြုစုပျိုးထောင်ထားရှိမှုကို ရှစ်ပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌကြီး ရေးမှူး ဦးသန်းလှကြည်ရှစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးပင်းကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မောပျဝင်းတို့က ရှင်းလင်းတင်ပြသည်။ (စာပေစာနယ်ဇင်း)

ညောင်ရွှေ၌ ကျန်းမာရေးနှင့်အညီ ဈေးရောင်းမှုစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၈ရက်က ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် အဖွဲ့ပိုင် မြို့မဖင်္ကလာဈေးအတွင်း ယင်လုံဆန်ခါဖြင့် အသားများရောင်းချမှုရှိမရှိကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့်အဖွဲ့ ဝန်ထမ်းများက ကြီးကြပ်စစ်ဆေးကြကြောင်း သိရသည်။ (၀၂၁)

တီးတိန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့ရေပိုက်လွှတ်အတွင်း ရေနုတ်ခြောင်းတူးဖော်ခြင်းနှင့် အမှိုက်ပိတ်ဆို့နေသောပိုက်များ ပြန်လည်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးဝုန်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုက်ကျင်နိုင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ ဆက်)

သစ်ပင်စိုက်ပျိုးပွဲတော် ကောလင်း၌ကျင်းပ

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၄ရက် နံနက် စနစ်ရိက ကောလင်းမြို့နယ် ကြာဆင်းအုပ်စု ဆင်ခံတောင်ဘုရားကုန်းမြေ၌ ကျင်းပရာ မြို့နယ်ဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲများ၊ ဒေသခံပြည်သူများက ကုံကော်၊ ခရေ၊ ယုကလစ်ပင်နှင့် ဓနဇီပင် စုစုပေါင်း ၅ဝင် ၆ဝဝ ခိုက်ပျိုးပေးကြသည်။ (မြို့နယ် ပြန်/ ဆက်)

အင်းတော်၌ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

အင်းတော်မြို့ အောင်မွေဘုရင်တွက် အိမ်ရှေ့လမ်းဘေးဝဲယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၁ရက်က ရပ်ကွက်သစ္စာ ရပ်ကွက်သားများဖြင့် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ ရပ်မိရပ်မများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၃၀)

တန့်ဆည်မြို့နယ် သမအသင်းစု အစည်းအဝေးကျင်းပ

တန့်ဆည်မြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၇ရက် နံနက် ၁၀နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ စစ်ကိုင်းတိုင်း သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြေးက အမှာစကား ပြောကြားပြီး ဥက္ကဋ္ဌ အပါအဝင် အမှုဆောင်ဒါရိုက်တာ ငါးဦးနှင့် အသင်းဝင်စာရင်းစစ် နှစ်ဦးအား ရွေးချယ်ကြသည်။ (မြို့နယ် ပြန်/ ဆက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး ပညာပေး

မော်လိုက်ခရိုင် ဓောင်ပြင်မြို့နယ်၌ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မေ ၂၉ရက် ဇွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှူး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်က အမှာစကားပြောကြားပြီး မွေး/ကုဋ္ဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမြင့်ဦးက ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း ဟောပြောသည်။ (မြို့နယ် ပြန်/ ဆက်)

နွားထိုးကြဲ၌ ဆည်ကန်များပြုပြင်ဆောင်ရွက်

မြင်းခြံခရိုင် ဆည်မြောင်းဆင်ဂျင်နီယာ ဦးမြင့်သိန်း(၄)ဦးဆောင်၍ နွားထိုးကြဲ မြို့နယ် ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများသည် ခက်လန်းဆည်၏ ရေလေးမြောင်းမကြီး ပျက်စီးနေရာများသို့ ခြေသားဖြို့ မိုးစပါးအရိုးစီရေးမှိုင်ရန် ဓောတိယဟပ်မှ စတင်၍ ပြင်ဆင်ရမြို့ ပြင်စည်းမြို့အတွင်းရှိ ကန်များနှင့်ဆည်များကိုလည်း မိုးစပါးအရိုးနှံမီ စိုက်နိုင်ရန် စက်ယန္တရားဖြင့် ပြင်ဆင်နေကြသည်။ (၀၉၂)

ခင်ဦး၌ မြို့နယ်သမဝါယမအသင်းစု စည်းဝေး

ရွေဘို့ခရိုင် ခင်ဦးမြို့ အောင်မြန်မာအသင်းစုရုံး၌ အောင်မြန်မာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၇ရက် နံနက် ၉ နာရီက ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကား ပြောကြားပြီး ဆက်လက်၍ အမှုဆောင်၁၅ရိုက်တာအဖွဲ့နှင့် အသင်းစာရင်းစစ်အဖွဲ့များကို ရွေးချယ် တာဝန်ပေးကြသည်။ (၁၈၂)

ကူးစက်ရောဂါမပြစ်ရေး မွေး/ကုဋ္ဌာနပု ကွင်းဆင်းဆောင်ရွက်

ဗန်းမော်ခရိုင် မွေးဖြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲနွားများ ကူးစက်ရောဂါ ဖြစ်စေတတ်ရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က ပြည်နယ် ကျန်းမာရေးမှူး ဒေါက်တာဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဗန်းမော်မြို့နယ် ကွေးရွာအုပ်စုများဖြစ်သည့် မိုင်းကာကွေးရွာနှင့် ကျွန်းကြီးကွေးရွာများသို့ သွားရောက်ပြီး အဆိပ်ပေကွေးရွာများမှ ကျွဲနွား ၇၂၆ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ (ခရိုင် ပြန်/ ဆက်)

■ ရှေ့မှ

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက ၂၀၀၇ခုနှစ် အစည်းအဝေးဆုံဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက ဗဟိုဌာနချုပ်၏ တင်ပြချက်ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုစည်းရုံးရေးကော်မတီဝင်များ ဖြစ်ကြသော အမှတ်(၂) စက်မူဝန်ကြီးဌာန ဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့က စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီဝင် လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လူမှုရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုစည်းရုံးရေးကော်မတီဝင်ပြည်သူ့အကျိုးပြုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ မှဲ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဗဟိုစည်းရုံးရေးကော်မတီဝင်များက အထွေထွေရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရွှပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ မွန်မြတ်မေတ္တာခန်းမ၌ မေဖေရက်က ကမ္ဘာ့လူတုပ်ကွေး ရောဂါ ကြိုတင်ကာကွယ် တားဆီးရေး ဆွေးနွေးဟောပြောပွဲကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့် ရိုး ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်ပုံပို့မှုတို့ဖြင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ် အကျော်အမော်များ၏ အမျိုးသား၊ အမျိုးသမီး စွမ်းရည်ပြ၊ သရုပ်ပြပွဲများကို ဘုရင့်နောင် ခြင်းလုံးအားကစားရုံ(ရောင်းဝ) လှိုင်မြို့နယ်တွင် ဇွန် ၂၁ရက် မွန်းလွဲ ၁နာရီမှ စတင်ကျင်းပည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ နှိုးဆော်ထားသည်။

(မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

AFC President's Cup ဘောလုံးပြိုင်ပွဲ
ကမ္ဘောဇအသင်း နိုင်ပွဲဆက်

ကာဂျစ်စတန် ဇွန် ၁၂ (ဖက်စ်)

AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)၏ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ၂နာရီခွဲက ကာဂျစ်စတန်နိုင်ငံရှိ Spartak ကွင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက ဘူလ်တန်ကလပ် ရိဒ်ဇင် အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဇအသင်းမှ ခင်မောင်လွင် ရိဒ်ဇင် နောက်ခံလူသုံးဦးကို ကျော်ဖြတ်ထိုးဖောက်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘောဇ-လေးဂိုး ရိဒ်ဇင်-နှစ်ဂိုး

အခုပွဲကလည်း ကမ္ဘောဇအသင်းရဲ့ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ကို ထပ်မံတွေ့မြင်ခဲ့ရသော ပွဲပဲဖြစ်ပါတယ်။မိနစ်၃၀အတွင်း နှစ်ဂိုးအသွင်းခံခဲ့ရသောကြောင့် နောက်မှ လိုက်ကစားခဲ့ရပြီး ပထမပိုင်းတွင် ချေပဂိုးနှစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် အနိုင်ဂိုးနှစ်ဂိုး ထပ်မံ သွင်းယူနိုင်ခဲ့သောကြောင့် အမှတ်ပြည့် ရရှိခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံး နိုင်ပြီး ခြောက်မှတ်အပြည့် ရရှိထားပေမယ့် ဆီမီးဖိုင်နယ် တက်ဖို့အတွက်တော့ အိမ်ရှင်ကလပ်ဒိုင်္ဂျိုင်းဒိုင်နမိုအသင်းနဲ့ ကစားရမယ့် အုပ်စု နောက်ဆုံးပွဲက အရေးပါလျက် ရှိနေခဲ့ပါတယ်။

ချေပဂိုး

ကမ္ဘောဇအသင်းဟာ ပထမပွဲကစားခဲ့တဲ့ လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ကစားခဲ့ပေမယ့် ပထမပိုင်း ၁၀မိနစ်မှာ ဂိုးစပေးလိုက်ရပြီး မိနစ်၃၀မှာ နောက်တစ်ဂိုး ထပ်ပေးလိုက်ရတာကြောင့် မမျှော်လင့်ဘဲ နောက်က လိုက်ကစားခဲ့ရပါတယ်။ ကမ္ဘောဇအသင်းဟာ ပွဲစကတည်းက တောက်လျှောက် ဖိကစားခဲ့ပေမယ့် ဂိုးသွင်းမသေချာလို့ ဂိုးရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ဒါပေမယ့် ၃၆မိနစ်မှာ ရိဒ်ဇင်အသင်း နောက်ခံလူ ကိုယ့်ဂိုး ကိုယ်သွင်းမိလို့ ကမ္ဘောဇ ပထမချေပဂိုး ရခဲ့ပါတယ်။ အဲဒီနောက်ပိုင်း မှာတော့ ကမ္ဘောဇ ကစားပုံဟာ ပိုကောင်းခဲ့ပြီး မိနစ်၄၀မှာ တိုက်စစ်မှူး စိုးမင်းဦးက ဒုတိယချေပဂိုး သွင်းယူခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာအနိုင်ရဖို့အတွက် တိုက်စစ်အား မြှင့်လာခဲ့ပါတယ်။ အောင်ကျော်ဦးရဲ့ အပိုင်ကန်ချက် ဘားထိ ထွက်ခဲ့ရသလို ဂိုးသွင်းခွင့်များမှာလည်း ဘေးထွက်နေလို့မိနစ်ဝက်ကျမှ အနိုင်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ကမ္ဘောဇ အတွက် တတိယဂိုးကို ဝင်းမင်းထွဋ်က သွင်းယူပေးခဲ့ပြီး ၈၂မိနစ်မှာ အောင်ကျော်ဦး ပေးတာကတစ်ဆင့် စိုးမင်းဦးက စတုတ္ထဂိုး သွင်းယူသွားပါတယ်။ စိုးမင်းဦးဟာ နှစ်ပွဲမှာ ငါးဂိုးအထိ သွင်းယူထားပါတယ်။

ပါဝင်ကစား

ကမ္ဘောဇအသင်းမှာ ဂိုး-ကျော်ဇင်ထက်၊ **နောက်တန်း**-ဟန်ဝင်းအောင်၊ အေးဆန်း၊ မိုးဝင်း၊ အောင်ဝင်းနိုင်၊ **အလယ်တန်း**-အောင်သန်းဝင်း၊အောင်ကျော်ဦး၊ ဇနဇော်ထက်၊ ခင်မောင်လွင်၊ **ရှေ့တန်း**-စိုးမင်းဦးနဲ့ ဝင်းမင်းထွဋ်တို့ ပါဝင်ကစားခဲ့ကြပါတယ်။

နောက်ဆုံးပွဲ

ကမ္ဘောဇအသင်းဟာ နှစ်ပွဲကစား နှစ်ပွဲနိုင်ထားပြီး ရိဒ်ဇင် F.C ကတော့ နှစ်ပွဲစလုံး ရှုံးထားလို့ အမှတ်မရသေးပါဘူး။ ကမ္ဘောဇအသင်းဟာ ဇွန်၁၄ရက်မှာ အုပ်စုနောက်ဆုံးပွဲအဖြစ် အိမ်ရှင်ကလပ် ဒိုင္ဂျိုင်းဒိုင်နမိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍
အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက် ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိရာဌာန
၁။	ကချင် သွားကိုက်ဖျောက် သွားတိုက်ဆေး	၁၃၅၁၊ ဘုမ္မာ(၂၁)လမ်း၊ (ညွှန်ရုံကွက်)၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
၂။	အက်စ်ဒီကီလာ အထူးအပြင်း နှင်းခူယားနာလိမ်းဆေး	ဦးအောင်စိန်း၊အမှတ်(၂၆၅)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။
၃။	ကျားသစ် လေဆေးဆီ	(၃၃)လမ်း၊ (၈၁)လမ်းထောင့်၊ မန္တလေးမြို့။
၄။	မျက်ကြည်လူဝ စက္ခုပါလ	ဒေါက်တာဦးကျော်ဇေ မေတ္တာမွန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရေစကြိုမြို့။
၅။	သကြားရောင်စ အမှတ်တံဆိပ် ကမ္ဘာအေး သွက်ချာပါဒ လေးနှံးဆေး	ကမ္ဘာအေးဆေးတိုက်၊ အမှတ် (၇၉)၊ မာလကာခြံရပ်(သံ/ရှေ့)၊ မဟာအောင်မြေ၊ မန္တလေးမြို့။
၆။	သိုက်ဖျံရတနာ အစာကြေလေနိုင် လျက်ဆား	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ဖွေးလှမြို့၊ ၁၀/မြို့သစ်(၃)လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၇။	သစ်သီးပုံ သွေးတိုးကျဆေး	ဒေါ်နန်းထွေးခမ်း(၁)ရပ်ကွက်၊ မိုင်းကိုင်။
၈။	အောင်တံဆိပ် ငန်းတက်ဆေးတော်ကြီး	ဆရာဦးချစ်ဦး၊ မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့။
၉။	နာဂပီသ ငန်းဆေး	ဆရာကြီးဦးချစ်ထူး တိုင်းရင်းဆေးတိုက် ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။
၁၀။	သူရိယ ဖျာနာ ကိုက်ခဲဖျောက် ငန်းဒီကျော်	ပစ်တိုင်းထောင်ဆေးတိုက် (၈၁)၊ မော့ကန့်(၆)လမ်း၊ ပဲခူးမြို့။
၁၁။	မြင်းနီဂျံတံဆိပ် မက်ကလောင် အများဖြတ်ဆေးကြီး	ဆရာစံဇော် ဘယဆေးစုံဆိုင် နမဲ့ခမ်းမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။
၁၂။	ရွှေပြည်ကျော် အဆုတ်ပုံ အမှတ်တံဆိပ် အဆုတ်သန့် ချောင်းဆိုးဖျောက်ဆေး	ရွှေပြည်ကျော် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မ/၄၇၊ အမှတ် (၈၀)၊ ၄၁ လမ်း၊ ၅၅ × ၅၆လမ်းကြား၊ မန္တလေးမြို့။

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စားစေးဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မှတ်သုံးလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၁၂

ယနေ့နံနက် ဇုန၁ရှိခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွှမ်းခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မနေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် မနေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် မနေရာစိုပိစိပ်နှင့် ကျန်ဒေသများတွင် မနေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၂၁သမဖ၈လက်မ၊ ဘားအံမြို့တွင် ၁၁သမဖ၅လက်မ၊ ဖျာပုံမြို့တွင် ၁၁သမဂ၃လက်မနှင့် ပုသိမ်မြို့တွင် ၁၁သမဖ၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မှတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိုပိစိပ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လွှင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မှတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဇွန်လတတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းတွင် နေရာစိုပိစိပ် မိုးထစ်ချုန်းရွာမည်။

* ကျောဖုံးမှ

မတိုက်ကျွေးနိုင်လျှင်လည်း ၂၄နာရီအတွင်း ရင်သွေးငယ်အား မိခင်၏ နို့ဦးရည်ကို တိုက်ကျွေးပေးရမည်ဖြစ်သည်။

အကျိုးကျေးဇူး

မိခင်၏နို့ဦးရည်သည် ရင်သွေးငယ်အတွက် အကောင်းဆုံး ဆေးတစ်လက်ဖြစ်ရာ မွေးကင်းစရင်သွေးငယ်များ သေဆုံးမှု ဦးရေကို ကျဆင်းစေနိုင်မည် ဖြစ်သည်။ ကလေးငယ်များ ခြောက်လအရွယ်အထိ မိခင်နို့ရည်တစ်မျိုးတည်းသာ တိုက်ကျွေးပါက ကလေးငယ်အတွက် လုံလောက်သော အာဟာရဓာတ်ပြည့်ဝသည်ကို မိခင်များ အပြည့်အဝယုံကြည်မှုရှိနေစေရန်လည်း လိုအပ်သည်။ ထို့အတူ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် ဖခင်အပါအဝင် အိမ်သူအိမ်သားများနှင့် ဆွေမျိုးများကပါ နက်ရှိုင်းစွာ သိရှိထားရန် လိုအပ်ပေသည်။

နို့မှုန့်

ထုပ်ပိုးမှုလှပစွာ ဆွဲဆောင်မှုရှိသော နို့မှုန့်များမှာ အရသာရှိခြင်း၊ တန်ဖိုးပေး ဝယ်ယူရခြင်းတို့သည် ဝယ်ယူသုံးစွဲသော မိဘများအနေဖြင့် ဂုဏ်ဒြပ်တစ်မျိုးလို စိတ်သဘောထားရှိနေသလို အလုပ်တာဝန်များ သော မိခင်များအတွက်လည်း အဆင်ပြေမှုကို ဖြည့်ဆည်းပေးနိုင်သဖြင့် ဝယ်ယူသုံးစွဲတိုက်ကျွေးနေကြခြင်းသည် မှားယွင်းသော အယူအဆတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများကဲ့သို့ သဘာဝ ဘေးဒဏ်ခံရသော မိသားစုများအတွက် နို့မှုန့်များလှူဒါန်းခြင်းသည် ကလေးငယ်များသေဆုံးမှုဦးရေ ပိုမိုတိုးပွားစေသည်ဟု ယူနီဆက်ဖ်မှ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

လျော့ကျ

အလွယ်တကူ လှူဒါန်း၍ရရှိသော နို့မှုန့်များကြောင့် မိခင်နို့ တိုက်ကျွေးမှု လျော့ကျသွားပြီး ကလေးငယ်များသေဆုံးမှု ပိုမိုလာခြင်းမှာ အချက်တစ်ချက်ဖြစ်သည်။ မိခင်နို့ ကလေးငယ်များ ရောဂါဖြစ်ပွားမှုမှကာကွယ်ပေးနိုင်သော ဓာတ်များ လုံလောက်ပြည့်ဝစွာ ပါဝင်နေသော်လည်း နို့မှုန့်များ၌ ကလေးငယ်များ ကျန်းမာရေးအတွက် ကာကွယ်နိုင်သည့်ဓာတ်မပါရှိခြင်းကြောင့် ဖြစ်သည်။

မိခင်နို့

မိခင်နို့ထဲတွင် မိခင်၏ကြီးမားသော မေတ္တာစိတ်ကြောင့် ဖြစ်ပေါ်လာသော ရောဂါကာကွယ်ရေးနှင့် ကလေးငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ဓာတ်များ၊ ကိုယ်ဝန်ဆောင်စဉ် ရောဂါကာကွယ်ဆေးထိုးထားမှုမှ ဖြစ်ပေါ်လာသော ဓာတ်များက မိခင်နို့ရည်တွင် ပါဝင်ခြင်းနှင့် ရေဓာတ်ပေါများစွာပါဝင်မှုတို့မှာ အဖိုးအတန်ဆုံး ဖြစ်သည်။ မိခင်နို့ထဲတွင် ရေဓာတ် ၈၀ရာခိုင်နှုန်း ပါဝင်လျက်ရှိရာ ရင်သွေးငယ်များကို ရေတိုက်မှုမှာလည်း မလိုအပ်ကြောင်း သိရသည်။ မသန့်ရှင်းသော သောက်သုံးရေများမှတစ်ဆင့် ကလေးငယ်များ သေဆုံးမှုမှာ နှစ်စဉ်သန်းနှင့်ချီကာ ရှိနေသည်ဟု ယူနီဆက်ဖ် အရာရှိများက ပြောကြားသည်။

ကွာခြားချက်

မိခင်နို့ တစ်မျိုးတည်း ခြောက်လအရွယ်အထိ တိုက်ကျွေးသော ကလေးငယ်များသည် အခြားနို့မှုန့်နှင့် ဖြည့်စွက် အစားအစာများ စားသုံးသောကလေးငယ်များထက် ဦးနှောက်ဉာဏ်ရည် ပိုမိုထက်မြက်ကြောင်း တွေ့ရှိရသည်ဟု ဆို၏။ ထို့အပြင် ရောဂါကာကွယ်နိုင်မှုနှင့် ခံနိုင်ရည်ရှိမှုတို့၌လည်း ကွာခြားမှုများစွာရှိကြောင်း သိရသည်။

မိခင်နို့တစ်မျိုးတည်းဆိုရာတွင် မိခင်နို့အပြင် ရေတိုက်ခြင်းကိုပင် မပြုလုပ်ရန်လိုအပ်ပြီး ရေတိုက်မှုကြောင့် ကလေးငယ်၏ သေးငယ်လွန်းသော အစာအိမ်မှာ ရေများဖြင့်ပြည့်သွားတတ်သဖြင့် နို့မစို့နိုင်အောင်ဖြစ်နေတတ်ကြောင်း၊ ရေသန့်ဖြစ်စေ၊ ရေကျက်အေးဖြစ်စေ ခွက်အဆင့်ဆင့်ပြောင်းခြင်း၊ ဇွန်းနှင့်ခွက်တို့တွင် သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် ရောဂါရတတ်ကြောင်း သိရသည်။

လျော့ကျရေး

ထို့ကြောင့် မိခင်နို့ရည်တစ်မျိုးတည်းသာ ကလေးခြောက်လအရွယ်အထိ တိုက်ကျွေးသင့်ပြီး ကလေးငယ်များ သေဆုံးမှုလျော့ကျစေရေးအတွက် ဆောင်ရွက်သင့်ကြောင်း ယူနီဆက်ဖ် ကျန်းမာရေးအရာရှိများက တိုက်တွန်း ထားသည်။ (မြန်မာ့အလင်း)

❐ ကျောဖုံးမှ

တည်နေရာ

ယင်းကြယ်တာရာ၏တည်ရှိသော နေရာမှာ ကမ္ဘာပြိုဟ်၏ အနောက်ဘက် ယွန်းယွန်းတွင်ဖြစ်ပြီး အခြားကြယ်တာရာများထက် ရောင်စဉ်တန်းများ ပိုမိုဖြာထွက်နေသည်ဟု အမေရိကန်အာကာသ သုတေသန ပညာရှင်များက ပြောကြားသည်။

အမှုန်များဝန်းရံ

ယခု ရှာဖွေတွေ့ရှိရသော ကြယ်တာရာ၏ အလင်းဖြာထွက်နေသည့် ပတ်လည်တွင် တိမ်များကဲ့သို့ အမှုန်များ ဝန်းရံနေသည်ကို တွေ့ရှိရကြောင်း၊ ထို့သို့ အမှုန်များဝန်းရံနေမှုမှာ အချိန်ကာလ လေးနှစ်ခန့်ရှိလိမ့်မည် ဖြစ်ကြောင်း၊ လွန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက အမှုန်များ စုဖွဲ့နေခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာမည်

နာဆာအာကာသ သိပ္ပံပညာရှင်များက ယင်းကြယ်တာရာနှင့် ပတ်သက်ပြီး လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အလင်းဖြာထွက်မှု စွမ်းအား၏ တုံ့ပြန်မှုကို သိရှိရေး ကြိုးစားသွားမည်ဖြစ်သည်။

(အင်တာနက်)

* ရှေ့ဖုံးမှ

ပေါင်းစည်းလယ်ယာ

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနီ၏ ကူညီစီစဉ်ပေးမှုဖြင့် တောင်ကြီးမြို့မှ ထွက်ခွာလာသော မြန်မာ့အလင်း သတင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ဗောရိသာဒ်ကျေးရွာရှိ တောင်သူဦးအိုက်ဆမ်၏ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးစနစ် စိုက်ကွင်းသို့ သတင်းရယူရန် ရောက်ရှိခဲ့သည်။

ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးစနစ်ဆိုသည်မှာ မွေးမြူရေးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း တို့ကို ပေါင်းစည်း ဆောင်ရွက်ထားသော လယ်ယာစိုက်ပျိုးရေးစနစ်ဖြစ်ကြောင်း မှတ်သားရသည်။

ပေါင်းစည်းလယ်ယာစိုက်ပျိုးမှုစနစ်နှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ညောင်ရွှေမြို့နယ် မန်နေဂျာ ဦးစဝ်စွမ်ဝိုင်းက ရှင်းပြစဉ်။ (မြန်မာ့အလင်း)

သီးသန့်သားဖောက်

သတင်းအဖွဲ့ စိုက်ကွင်းသို့ ရောက်ခိုက် ပေါင်းစည်း လယ်ယာစိုက်ပျိုးမှု သရုပ်ပြပွဲ ပြုလုပ်ရန် ပြင်ဆင်နေသော ညောင်ရွှေမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ် မန်နေဂျာဦးစဝ်စွမ်ဝိုင်းကို တွေ့ရသဖြင့် စိုက်ကွင်းနှင့် ပတ်သက်၍ သိချင်သည်များကို မေးမြန်းခဲ့ရာ **ဒီစိုက်ကွင်းမှာ စပါးရော၊ ငါးရော စိုက်ပြီး မွေးထားပါတယ်။ စပါးကွင်းဘေးမှာ ငါးကန်ပြုလုပ်ပြီး မွေးတာပါ။ စပါးကရွှေရင်အေးမျိုး၊ တစ်ဧကတင်း ၁၁၀ ထွက်ပါတယ်။ စုစုပေါင်း ၉ ဒသမ ၈၅ဧက ရှိပါတယ်။ ငါးကို အကောင် ၅၀၀၀၀ ထည့်ထားပါတယ်။ တီလားဗီးယားနဲ့ ငါးကြင်းမျိုးတွေပါ။ ငါးတွေကို တစ်နှစ်မှာ တစ်ခါပဲဖော်ပါတယ်။ မွေးမယ့် ငါးကိုလည်း သီးသန့် သားဖောက်ကန်လုပ်ပြီးမွေးပါတယ်။**

သရက်ပင်များ အများအပြား စိုက်ထားသည်ကို တွေ့မြင်၍ မေးကြည့်မိရာ စိန်တလုံး သရက်မျိုးများကို စိုက်ပျိုးထားကြောင်း၊ အပင်ရေ ၃၀၀ နီးပါးရှိကြောင်း သိရသည်။

အကျိုးဖြစ်စေ

နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ဆိတ်များကိုလည်း ခြံများပြုလုပ်၍ မွေးမြူထားသည်ကို တွေ့ရသည်။ ငါးကန်ပေါ်၌ ဆိတ်၊ ဝက်ခြံများ ဆောက်လုပ်ထားသည်ကို တွေ့၍ အကျိုးဖြစ်ထွန်းမှုကို မေးကြည့်ရာ ဦးစဝ်စွမ်ဝိုင်းက **ဆိတ်ရဲ့ စွန့်ပစ်ပစ္စည်းက မြေသြဇာအဖြစ်သုံးနိုင်သလို ငါးစာအဖြစ်လည်း သုံးနိုင်ပါတယ်။ ဆိတ်နဲ့ ဝက်ကို ကျွေးတဲ့ အသီးအရွက်၊ ဖွဲနဲ့ စွန့်ပစ်ပစ္စည်းတွေဟာ ငါးကန်ထဲကျပြီး ငါးအတွက်အစာဖြစ်သလို ငါးစွန့်ပစ်ပစ္စည်းဟာလည်း ရေမှာ ပျော်ဝင်ပြီး အာဟာရဖြစ်စေတာမို့ သီးနှံစိုက်ခင်းတွေကို အဲဒီရေအသုံးပြုပြီး ရေလောင်းတဲ့အခါ အပင်ဖွံ့ထွားမှု အကျိုးဖြစ်စေပါတယ်**ဟု ဖြေကြားပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး

သတင်းအဖွဲ့ ရောက်ရှိနေသော ပေါင်းစည်းလယ်ယာ စိုက်ကွင်း၌ မွေးမြူရေးတိရစ္ဆာန်များ စုံစုံလင်လင် တွေ့ရသလိုဂန္ဓမာပန်းခင်းများ၊ ဟင်းသီးဟင်းရွက်ပင်များ၊ ဆားငန်သီးပင်များ တွေ့မြင်ခဲ့ရသည်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူများလည်း စိုက်ပျိုးကြောင်း သိရသည်။ ထို့အပြင် တီကောင်များမွေးမြူ၍ တီစွန့်ပစ်ရည်မှ သဘာဝဇီဝရည်ထုတ်ယူသော ကန်လည်း တွေ့ရသည်။ အဆိုပါ တီစွန့်ပစ် ရည်ကန်မှရရှိသော အရည်နှင့် တီကျစ်စာကို စိုက်ပျိုးရေးလုပ်ငန်း၌ ပြန်သုံးစွဲကြောင်းသိရသည်။

ကောက်ရိုးမှိုကို မြေပေါင် ပြုလုပ်၍ စိုက်ပျိုးထားသည်ကိုလည်း တွေ့ရသည်။ မှိုစိုက်ပျိုးသည့် ကောက်ရိုးကို လည်းမြေသြဇာအဖြစ် ပြန်သုံးကြောင်း သိရသည်။

ပေါင်းစည်းလယ်ယာ စိုက်ကွင်း၌ စိုက်ပျိုးထားသော အပင်များ၊ မွေးမြူထားသော တိရစ္ဆာန်များမှ စွန့်ပစ်ပစ္စည်းအားလုံးတို့သည် ဘာတစ်ခုမျှ အလဟဿမဖြစ်ဘဲ အသုံးဝင်ကာ တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုနေသည်ကို တွေ့မြင်ရသဖြင့် ကျေးလက်တောင်သူများအနေဖြင့် ဤကဲ့သို့ စိုက်ပျိုးစနစ်ကို စုပေါင်းစိုက်ပျိုးဆောင်ရွက်ပါက အကျိုးများစွာရနိုင်ကြောင်း တွေ့ရသည်။

သတင်းအဖွဲ့ အပြန်ခရီး၌ မိုးရိပ်များမှိုင်းညို့နေသည့် ကောင်းကင်အောက်မှ လှပသောတောင်တန်းများ၊ စိမ်းလန်းသော လယ်ကွင်းများနှင့် ကျေးလက်အိမ်ရာများက ငေးမောကြည့်၍ မဝနိုင်အောင်ဖြစ်ရသလို ပေါင်းစည်း လယ်ယာစိုက်ပျိုးရေးစနစ်က ကျေးလက်ပြည်သူများအတွက် အကျိုးရှိနိုင်မည်ကို တွေးတောမိရင်း သတင်းခရီး၌ တွေ့မြင်ခဲ့သမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တီကျစ်စာ မြေဆွေးကန်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပြသထား

ကောက်ရိုးမှိုစိုက်ပျိုးနည်းစနစ်ကို ဤသို့ ပြသထားသည်။ (မြန်မာ့အလင်း)

ပေါင်းစည်းလယ်ယာ စိုက်ကွင်း၌ စိုက်ပျိုးထားသောအပင်များ၊ မွေးမြူထားသော တိရစ္ဆာန်များမှ စွန့်ပစ်ပစ္စည်းအားလုံးတို့သည် ဘာတစ်ခုမျှ အလဟဿ မဖြစ်ဘဲ အသုံးဝင်ကာ တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးပြုနေသည်ကိုတွေ့ရသဖြင့် ကျေးလက်တောင်သူများအနေဖြင့် ဤကဲ့သို့ စိုက်ပျိုးစနစ်ကို စုပေါင်းစိုက်ပျိုးဆောင်ရွက်ပါက အကျိုးများစွာရနိုင်။

တောင်သူဦးအိုက်ဆမ် စိုက်ပျိုးထားသည့် သရက်စိုက်ခင်းကလည်း စနစ်ကျလှသည်။ (မြန်မာ့အလင်း)

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသော ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ

New Influenza A(H1N1)Pandemic နှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

ရောဂါဖြစ်ပွားခြင်း

၁။ **မေး။** ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါဆိုတာ ဘာလဲ။

ဖြေ။ ။ရာသီအလိုက်တုပ်ကွေး၊ ကြက်ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေးစသည်ဖြင့် တုပ်ကွေးရောဂါ အမျိုးမျိုးရှိပါသည်။ ယခုဖြစ်ပေါ်နေသော ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် ယခင်တုပ်ကွေးရောဂါများနှင့်မတူဘဲ ရောဂါအသစ်အဆန်းတစ်ခုဖြစ်ပါသည်။မြောက်အမေရိက ဝက်တုပ်ကွေး၊ မြောက်အမေရိက ကြက်ငှက်တုပ်ကွေး၊ ရာသီလူ့တုပ်ကွေးနှင့် အာရှ-ဥရောပ ဝက်တုပ်ကွေးတို့ ပေါင်းစပ်ထားသော New Influenza A(H1N1) ဗိုင်းရပ်စ်ပိုးအသစ်ဖြစ်ပါသည်။ လူမှလူသို့ လျင်မြန်စွာ ကူးစက်လျက်ရှိပါသည်။ လူအများသို့ ကူးစက်ပြီး နိုင်ငံတကာသို့ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ (Human Influenza Pandemic) အဆင့်အဖြစ် ၂၀၀၉ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ **မေး။** ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ ဘယ်လိုကူးစက်နိုင်ပါသလဲ။

ဖြေ။ ။အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ပါသည်။ လူနာချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူ၏ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။

၃။ **မေး။** ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ၏ လက္ခဏာတွေကို ဘယ်လိုသိရှိနိုင်ပါသလဲ။

ဖြေ။ ။(က) ယေဘုယျအားဖြင့် ရာသီတုပ်ကွေးရောဂါ လက္ခဏာများနှင့် ဆင်တူပြီး အောက်ပါလက္ခဏာများ ရှိတတ်ပါသည်-
- အဖျားရှိခြင်း (အပူချိန် ၃၈° C)၊
- နှာရည်ယိုခြင်း၊ နှာချေခြင်း၊
- ချောင်းဆိုးခြင်း၊
- လည်ချောင်းနာခြင်း၊
- ကိုယ်လက်ကိုက်ခဲခြင်း၊
- ခေါင်းကိုက်ခြင်း၊
- အစားအသောက်ပျက်ခြင်း
- တစ်ခါတစ်ရံတွင် ပျို့အန်ခြင်းနှင့် ဝမ်းသွားခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

(ခ) ရောဂါပြင်းထန်လာလျှင် အောက်ပါလက္ခဏာများကို တွေ့ရှိနိုင်ပါသည်-
- အဖျားကြီးလွန်းခြင်း(အပူချိန် ၃၈° C အထက်ရှိခြင်း)၊
- ချောင်းအလွန်ဆိုးခြင်း၊ မောခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း၊
- အသက်ရှူကျပ်ခြင်း၊ အသက်ရှူခက်ခဲခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း၊
- သတိလစ်ခြင်း၊
- ထိုသို့ဖြစ်လျှင် ကျန်းမာရေးစောင့်ရှောက်မှု အမြန်ဆုံးခံယူသင့်ပါသည်။

၄။ **မေး။** ။သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိ ရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။
သို့သော် ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအား မရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင် ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

၅။ **မေး။** ။တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန်လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ **မေး။** ။ယခု မြန်မာနိုင်ငံတွင် ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ ရောက်ရှိနေပြီလား။

ဖြေ။ ။မရောက်ရှိသေးပါ။ ၂၀၀၉ခုနှစ် ဇွန်လ ၁၁ရက်နေ့အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံတွင် ဓာတ်ခွဲစမ်းသပ်မှု စစ်ဆေးအတည်ပြုချက်အရ ၂၈၇၇၄ဦး ရောဂါဖြစ်ပွားခဲ့ပြီး ၁၄၄ ဦး သေဆုံးခဲ့ပါသည်။

၇။ **မေး။** ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါဖြစ်ပွားလျှင် ဘယ်လောက်အထိ အန္တရာယ်ကြီးမားနိုင်ပါသလဲ။

ဖြေ။ ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် လူမှလူသို့ ကူးစက်မှုမြန်ခြင်း၊ လူသားများတွင် ခံနိုင်ရည်စွမ်းအား မရှိသေးခြင်းတို့ကြောင့် အသက်အရွယ်မရွေး ရောဂါဖြစ်နိုင်ခြင်း၊ ဆေးရုံတက်ရောက်ကုသမှု များပြားလာနိုင်ခြင်း၊ ရောဂါပြင်းထန်သဖြင့် အသက်ဆုံးရှုံးမှုလည်း များပြားလာနိုင်ခြင်း၊ ထို့အပြင် နိုင်ငံ၏အခြေခံဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်ရပ်ဆိုင်းနိုင်ပြီး စီးပွားရေး ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လူ၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များ ပိုမိုများပြားလာခြင်းတို့ကို ရင်ဆိုင်ဖြေရှင်းရပါမည်။

၈။ **မေး။** ။ယခင်က ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ ဖြစ်ပွားခဲ့ဖူးပါသလား။

ဖြေ။ ။၁၉၁၈ ခုနှစ်တွင် ပထမအကြိမ်ဖြစ်ပွားခဲ့ပြီး တစ်ကမ္ဘာလုံးတွင် လူသန်းပေါင်း ၄၀ခန့်၊ ၁၉၅၇-၅၈ ခုနှစ် ဒုတိယအကြိမ်တွင် လူဦးရေနှစ်သန်းမှ လေးသန်းခန့်၊ ၁၉၆၈ ခုနှစ် တတိယအကြိမ်တွင် လူဦးရေနှစ်သန်းခန့် အသက်ဆုံးရှုံးခဲ့သည်ဟု ခန့်မှန်းခဲ့ပါသည်။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါသည် ဒီရေလှိုင်းကဲ့သို့ တစ်ကြိမ်သာမက နှစ်ကြိမ်သုံးကြိမ် ဖြစ်တတ်လေ့ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ သင်ခန်းစာများနှင့် ဆားစ် (SARS) ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်ခဲ့သော အတွေ့အကြုံများကို အခြေခံကာ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၄ခုနှစ်ကပင် စတင်၍ ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကြိုတင်ကာကွယ်ခြင်း

၉။ **မေး။** ။ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် မည်သည့်အချက်များကိုလိုက်နာဆောင်ရွက်သင့်ပါသလဲ။

ဖြေ။ ။ပြည်သူလူထုအားလုံးက တစ်ဦးချင်းအနေဖြင့် ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါမည်-
- တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊
- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊
- လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊
- လူထူထပ်သောနေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- အရက်လွန်ကဲစွာ သောက်သုံးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊
- ရောဂါဖြစ်ပွားသူများနှင့် သံသယရှိသူများမှ ခြောက်ပေအကွာတွင် နေထိုင်ခြင်း၊
- ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်ဖုံးအုပ်သည့် ပါးစပ် နှာခေါင်းစည်း(Surgical Mask)ကို အသုံးပြုခြင်း၊
- ရောဂါရှိသူ၏နေအိမ်နှင့် ဆေးရုံများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- မိမိတွင် ရောဂါလက္ခဏာများရှိသည်ဟု ယူဆပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ အကူအညီတောင်းခံခြင်းများ ပြုလုပ်ရပါမည်။

၁၀။ **မေး။** ။စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေး ရိပ်သာနှင့် ဂေဟာများတွင် ရောဂါမဖြစ်ပွားစေရန် မည်သို့နေထိုင်ဆောင်ရွက်သင့်ပါသနည်း။

ဖြေ။ ။အောက်ဖော်ပြပါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တစ်ဦးချင်းအနေဖြင့် လိုက်နာဆောင်ရွက်ရပါမည်-
- အဆောက်အအုံများ လေဝင်လေထွက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊
- လူအသုံးအဆောင်ပစ္စည်းများ လှေကား၊ ဓာတ်လှေကား၊ နံရံများနှင့် ရုံးတွင်းပရိဘောဂများကို တစ်နေ့ နှစ်ကြိမ်မှသုံးကြိမ် ပိုးသန့်စင်ခြင်း၊
- စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့်ဂေဟာများတွင် နေထိုင်ဆောင်ရွက်သူများအားလုံး၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း၊
- တစ်ဦးဦးတွင် တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ခြင်း၊

၁၁။ **မေး။** ။မြန်မာနိုင်ငံသို့ ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါ မဝင်ရောက်နိုင်ရေးအတွက် ပြည်သူလူထုက ဘယ်လိုလိုက်နာ ဆောင်ရွက်ရပါမည်လဲ။

ဖြေ။ ။အထက်ဖော်ပြပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခုကပင် ပြည်သူလူထုတစ်ရပ်လုံးက လိုက်နာဆောင်ရွက်ရပါမည်။ ကျန်းမာရေးဝန်ကြီးဌာနက ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်များမှတစ်ဆင့် အခါအားလျော်စွာ ထုတ်ပြန်ထားသော နှိုးဆော်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်။

၁၂။ **မေး။** ။ရောဂါကာကွယ်ဆေး ရှိပါသလား။

ဖြေ။ ။ကာကွယ်ဆေးကို ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစ၍ ကာကွယ်ဆေးရသည်အထိ အနည်းဆုံး (၃-၄)လကြာနိုင်ပြီး စက်မှုဖွံ့ဖြိုးပြီးသော နိုင်ငံကြီးများတွင်သာ အများဆုံးထုတ်လုပ်နိုင်ပါသည်။ ထုတ်လုပ်မှုစွမ်းအားသည် ကမ္ဘာ့လူဦးရေ အားလုံးအတွက် မလုံလောက်နိုင်ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကာကွယ်ဆေးရရှိရန် အခက်အခဲရှိပါမည်။ ထို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တစ်ဦးချင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ကိုယ်ခံစွမ်းအား မြှင့်တင်ခြင်း၊ လက်မကြာခဏ ဆေးခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာသို့ ရှောင်ရှားခြင်း၊ ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့သူများကို သီးခြားစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါဖြစ်ပွားသူများကိုသီးခြား ခွဲခြားကုသခြင်း စသောနည်းလမ်းများကို ဆောင်ရွက်ခြင်းအားဖြင့် ရောဂါဖြစ်ပွားမှုကို နှေးကွေးစေခြင်း၊ ထိန်းချုပ်နိုင်ခြင်းများကို ယခင် ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါများနှင့် ဆားစ်(SARS)ရောဂါများ ကာကွယ်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်သော သက်သေ သာဓကများ ရှိခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အထက်ပါနည်းလမ်းများကို အဓိကထား ဦးစားပေး ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၁၃။ **မေး။** ။ရောဂါဖြစ်ပွားလာလျှင် ကုသရေးအတွက် ဆေးဝါးရှိပါသလား။

ဖြေ။ ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါအတွက် Tamiflu (Oseltamivir) နှင့် Relenza (Zanamivir) ဆေးနှစ်မျိုးသည် ဤရောဂါပိုးအတွက် ကုသနိုင်စွမ်းရှိကြောင်း အထောက်အထားရှိပါသည်။ ဤဆေးဝါးများကို ရောဂါစတင်ဖြစ်ပွားချိန်မှ ၄၈နာရီအတွင်းသုံးစွဲပါက ပိုမိုထိရောက်မှုရှိပါသည်။

၁၄။ **မေး။** ။ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါဖြစ်သူသည် မည်သို့ နေထိုင်ရမည်နည်း။

ဖြေ။ ။မိမိကျန်းမာရေး အမြန်ဆုံးကောင်းလာစေရန်နှင့် သူတစ်ပါးသို့ မကူးစက်စေရန်အတွက် စတင်ဖျားသည့်နေ့မှ ၁၀ရက်အထိ-
- လူနာအနေဖြင့် ပါးစပ် နှာခေါင်းစည်း တပ်ဆင်ထားရမည်၊
- မိမိအိမ်တွင် နေထိုင်ရမည်၊
- ရုံး၊ ကျောင်း၊ လုပ်ငန်းခွင်များနှင့် ခရီးသွားလာခြင်းများကို ရှောင်ကြဉ်ရမည်၊
- နှာချေ၊ ချောင်းဆိုးလျှင် တစ်သျှူး (သို့မဟုတ်) လက်ကိုင်ပဝါ အသုံးပြုရမည်၊ လက်ကိုဆပ်ပြာဖြင့် စနစ်တကျ ဆေးရမည်၊
- အာဟာရဖြစ်သော အစားအစာများ စားရန်နှင့် အရည်များများ သောက်ရမည်၊
- လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ရမည်၊
- ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၁၅။ **မေး။** ။မိမိ မိသားစုအတွင်း တုပ်ကွေးဖြစ်ပွားသူ ရှိပါက အိမ်တွင်မည်သို့ ပြုစုရမည်နည်း။

ဖြေ။ ။တုပ်ကွေးရောဂါလူနာအား ပါးစပ် နှာခေါင်းစည်း တပ်ဆင်ထားရမည်၊
- လူနာအတွက် သီးသန့်နေထိုင်ရန် နေရာရှိပါက လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိရမည်၊
- ဖျားနာသူအား အနီးကပ် စောင့်ရှောက်သူသည် (ဖျားနာသူနှင့် ခြောက်ပေအတွင်း)ပါးစပ် နှာခေါင်းစည်းနှင့်လက်အိတ်များ ဝတ်ဆင်ရမည်၊ ဖြစ်နိုင်ပါက ပလတ်စတစ် ရင်ကာ ခါးစည်း(Apron)ကိုလည်း အသုံးပြုနိုင်ပါသည်၊
- လူနာအသုံးအဆောင်ပစ္စည်းများ၊ အသုံးပြုပြီးသော ပါးစပ် နှာခေါင်းစည်းနှင့် လက်အိတ်များ စသည်တို့ကို 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ် ၃၀စိမ်ထားရမည်၊ မရှိလျှင် ရေနွေးဖြင့် ပြုတ်လျှော်ရမည်၊
- လူနာပြုစုပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်၊ ဖြစ်နိုင်လျှင် အရက်ပြန်(Alcohol rub) အသုံးပြုနိုင်ပါသည်၊
- လူနာနှင့် အနီးကပ်ပြုစုသူများ၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့သတင်းပို့ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။

၁၆။ **မေး။** ။ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါ အခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-
- နှာချေ၊ ချောင်းဆိုးပြီးချိန်၊
- လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊
- လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊
- မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊
- အစာမစားမီနှင့် စားပြီး ပြီးချိန်၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှဝင်ရောက်သောရောဂါများနှင့်အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသောရောဂါများကို ထိရောက်စွာကာကွယ်နိုင်ပါသည်။

၁၇။ **မေး။** ။ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ရောဂါ ကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခုဖြစ်ပါသည်။
ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-
- ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊
- ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ်လဲလှယ် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊
- တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊
- ပြန်လည် အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊

စာမျက်နှာ ၁၁ ကော်လံ ၁

13-6 (10).pmd 1 6/13/2009, 2:26 AM

ကျန်းမာရေးဝန်ကြီးဌာနက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ပြည်သူလူထုအနေဖြင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာနှိုးဆော်ချက်များကို တိတိကျကျလိုက်နာရန်လိုအပ်

ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းဖော်ဆောင်

နေပြည်တော် ၉ နှစ် ၁၂

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A (H1N1) Pandemic ကာကွယ်နိုင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး ညွှန်ကြားအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဖြဉီး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

ယင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ မြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဖြဉီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A (H1N1) သည် ၂၀၀၉ခုနှစ် ဧပြီ ၁၇ရက်မှ ဇွန် ၁၃ရက်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၇၄နိုင်ငံတွင် တတိုးခွဲအတည်ပြုထားပြီးဖြစ်သော တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၈၇၇၄ဦး ရှိပြီး သေဆုံးသူ စုစုပေါင်း ၁၄၆ဦးရှိခဲ့ကြောင်း၊ ယခုနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လက်ရှိကူးစက် ဖြစ်ပွားနေသော ကမ္ဘာ့လူတုပ်ကွေးရောဂါမှာ ကပ်ရောဂါအသွင် ဖြစ်ပွားနေပြီဖြစ်ကြောင်းနှင့် ကပ်ရောဂါအဆင့်(၆)သို့ရောက်ရှိပြီဟု ကြေညာခဲ့ကြောင်း။

ကူးစက်မှုမရှိ

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မိမိနိုင်ငံအတွင်းဝင်ရောက်ကူးစက်မှုမရှိစေရေးအတွက် နိုင်ငံတော်၏ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၅ရက်မှစတင်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသဝင်ပေါက်ဧရာမများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ရောဂါကူးစက်ဝင်ရောက်မှု မရှိသေးကြောင်း။

ယခုအခါ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားသောအဆင့် ရောက်ရှိနေ၍ ယခုဆောင်ရွက်လျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နိုင်ရန်ဒေသတွင်း ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ဝန်ကြီးဌာနအဆင်းသင်းက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း မိမိတို့၏ အဓိကဝန်ဆောင်မှုလုပ်ငန်းများ အပြိုအဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အသင့်အနေအထားဖြစ်ရန် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ပိုင်းဝန်းဆောင်ရွက်

ပြည်သူများ၊ ဝန်ထမ်းများနှင့်မိသားစုများရောဂါကူးစက်မှုဖြစ်ပွားစေရေးအတွက် ကျန်းမာရေးပညာပေးမှုနှင့် နှိုးဆော်ချက်များကို ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သည့် ဆက်သွယ်ရေး လမ်းကြောင်းများ အသုံးပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုကလည်း ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ နှိုးဆော်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုက အချိန်မီသတင်းပေးပို့ရန်လည်း လိုအပ်ကြောင်း၊ သို့မဟာ ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းများကို အချိန်မီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပိုင်းဝန်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာစိုးလွင်ပြိမ်းက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်စပ်လျဉ်းသည့် သိကောင်းစရာ အချက်အလက်များ၊ ပညာပေးစာစောင်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်မှု မရှိစေရေး အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေး အသွင်ဖြင့် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရပ်ဝိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၀၉ (စနေ)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပဋ္ဌာန် +အင်္ဂလိပ်မာလယုဘ်၊ တေဇွန်သုတ်၊ ပုဗ္ဗဏှသုတ်

၅း၁၅ MRTV-4 သတင်း

၆း၀၀ "ဘုရားအရိပ် တရားအရိပ်" တရားတော် (ဆရာတော် မဓုဒုတ ဒေါက်တာ အရှင်ပညာဝရ)

၇း၀၀ MRTV-4 သတင်း

၇း၃၅ MRTV-4 ကာတွန်းအစီအစဉ်

၈း၀၀ MRTV-4 ရုပ်သံစာတမ်းလမ်းတွဲ **ရွှင်သန်လာသောနေ့လုံးသား** (အပိုင်း-၃၀)

၈း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)

၉း၄၅ Sports World (Skating)

၁၀း၀၀ လေဖြတ်ပြိုးနောက် ပြန်လည်ကျန်းမာ သန်စွမ်းရေး အကြောင်း သိကောင်းစရာ (ဒေါက်တာမန်ဒိုရာဆောင်းကြိုး)

၁၀း၂၅ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်) ပဲဆီသန့်ဦးစားပေး

၁၀း၄၅ သွားမယ် စားမယ် (Fuji Coffee House)

၁၁း၁၅ အနုပညာ မိုးကောင်းကင်

၁၁း၃၅ အင်တာနက်လမ်းညွှန် (Diamond)

၁၁း၅၀ တို့ကမ္ဘာမြေဘယာမို့ ကြွယ်ကြွယ်မိတ်ကို ငြင်းပယ်မို့

၁၂း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဟော့ရွေ့"

၁၂း၃၀ အရသာနှင့် အဟာရရုစုံစွာ ပျော်ကွယ်မှန့်ကြွေမှာ

၁း၀၀ ဘုရားအရိပ်တရားအရိပ် တရားတော်(ဆရာတော် မဓုဒုတ ဒေါက်တာအရှင်ပညာဝရ)

၂း၀၀ MRTV-4 သတင်း

၂း၄၅ Fashion Music Festival (Raining Season Fashion)

၃း၂၀ ပြည်နယ်ဂုဏ်ဆောင် ဂွေတောင်ဆည်

၃း၃၀ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်) ပဲဆီသန့်ဦးစားပေး

၃း၅၀ တေးဂီတအစီအစဉ်

၄း၀၅ အညာဒေသ စပါးအထွက်တိုးစေမည့် မနုဿုခုပ်ရိုင်မှ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း

၄း၂၅ လေဖြတ်ပြီးနောက် ပြန်လည် ကျန်းမာ သန်စွမ်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာမန်ဒိုရာဆောင်းကြိုး)

၄း၄၀ မန္တလေးဂန္ဓဝင်ညနှင့် သန်းမြတ်စိုး

၅း၀၀ သဘာဝကပေးတဲ့ အကျိုးအကြီးသင် **ကံကောင်းတဲ့ မိုးသား** (ဘုန်းလှိုင်၊ဒေါ်လာမွှေ့ဝေ၊ မြို့တော်ချစ်ဖွယ်၊ မမြတ်ဆွေ၊ ကလေးသရုပ်ဆောင် -ဝင်းခန့်ကျော်)

၅း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၅း၄၅ လေလွင့်မှ ဖြေကြား ပရိသတ်များ အမေးစကား

၆း၀၀ MRTV-4 သတင်း

၆း၁၅ သွားမယ် စားမယ် (Fuji Coffee House)

၆း၃၀ World of Knowledge [Funniest Animal (Part-5)]

၇း၀၀ Fashion Music Festival (Raining Season Fashion)

၇း၃၅ အနုပညာ မိုးကောင်းကင်

၈း၀၀ MRTV-4 သတင်း

၈း၃၀ အင်တာနက်လမ်းညွှန် (Diamond)

၈း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း

၉း၃၀ လေလွင့်မှ ဖြေကြား ပရိသတ်များ အမေးစကား

၉း၄၀ MRTV-4 ရုပ်သံစာတ်လမ်းတွဲ **ရွှင်သန်လာသောနေ့လုံးသား** (အပိုင်း-၃၀)

၁၀း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဟော့ရွေ့"

၁၀း၃၀ ကမ္ဘာ့စိုလင် အားကစားအစီအစဉ် (၂၀၁၀ ကမ္ဘာ့လေးခြေစိုရဲ့ အာရုဏ္ဍနဲ့) (UAE VS KOREA Rep)

၁၂း၁၅ အမျှဝေါဝါမဲမှ ရတနာ (ကဏန်းပျော့)

၁၂း၄၅ တေးဂီတအစီအစဉ်

၁း၃၀ စက္ကူလွှင်လွှင် ပန်းယဉ်ယဉ် အလှဆင်စေချင်

၁း၅၀ လူနှင့်ကံ

MRTV-4 အစီအစဉ်များကို ရန်ကုန်ဖြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးဖြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေခိုချိန်

(၁၂-၆-၂၀၀၉)

သထုံ	၂	ဒသမ	၆၈ လက်မ
ဘားအံ	၁	ဒသမ	၉၇ လက်မ
ဖျာပုံ	၁	ဒသမ	၇၃ လက်မ
ပုသိမ်	၁	ဒသမ	၆၉ လက်မ

စာမျက်နှာ ၁၀ မှ

- ပိုးသန့်စင်ရာတွင် 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားခွက်၊ နှစ်ခွန်းကို ရောစပ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြတ်၍ ပိုးသန့်စင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြော်ရမည်။ အရက်ပြန် (Alcohol rub)ကို အသုံးပြုနိုင်သည်။
- ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျ အသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအား အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ မရောက်ရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ၂၀၀၉ခုနှစ် ဧပြီလ ၂၅ရက်မှ စတင်ကာ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအတွက် အခြားသောဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက ကဏ္ဍ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်

မိုင်းဖြတ်ဖြို့နယ်၌ သစ်ပင်စုပေါင်းစိုက်ပျိုး

မိုင်းဖြတ် ဇွန် ၁၂

မိုင်းဖြတ်ဖြို့နယ် သစ်တောဦးစီးဌာနက ဦးစီးကျင်းပသော ၂၀၀၉ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ရက် နံနက် ၇နာရီခွဲက မိုင်းဖြတ်ဖြို့ နှင်းဆီလမ်းမ ဖေ့ဂေတောင်သူလမ်း ဝဲယာတစ်လျှောက် ကျင်းပရာ နယ်ခြမ်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်း တက်ရောက်၍ အထိမ်းအမှတ် ကုက်ပင်ပစိုက်ပျိုးပေးပြီး၊ အခမ်းအနား တက်ရောက်လာသူများ တပျော်တပါး စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

စိုက်ပျိုး

အဆိုပါ အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဖြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ညွှန့်၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် သေသပ်ပြည်သူများက ကဲ့ကော်ပင်၊ ကျွန်းပင်၊ ဓနလီပင်၊ ပိတောက်ပင်၊ ခရေပင်နှင့် ငုပင် စုစုပေါင်း သစ်ပင် ၁၁၁၆ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

❍ *ကျောက်မုဒ်မှ*

ပင်ဆိုများကိုလည်းရော်ဘာသစ်ပေါင်းထုတ်လုပ်ရေးအတွက် ရောင်းချနိုင်ကြ၍ ဝင်ငွေစီးပွား ဒီရေအလား တိုးပွားလျက်ရှိသည်။

လေ့လာ

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများ ရေးသားရန် မြိတ်မြို့သို့ရောက်ရှိခဲ့ရာ ရော်ဘာသစ်ပေါင်းများ ထုတ်လုပ်နေသည့် အာရှရွေကမ္ဘာ ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့သည်။

တင်ပို့ရောင်းချ

''ကျွန်တော်တို့ ရော်ဘာ သစ်ထုတ်လုပ်ရေးကုမ္ပဏီအနေနဲ့ ရော်ဘာသစ်ပေါင်းများထုတ်လုပ်ပြီး မလေးရှားနိုင်ငံကို တင်ပို့ရောင်းချနေပါတယ်၊ တစ်လကို ပုံမှန်မျှ တန် ၁၀၀ လောက် ပို့ပေးနေပါတယ်၊ ရော်ဘာပင်ဆိုများကို ကုမ္ပဏီအနေနဲ့ ဈေးကောင်းပေးဝယ်နေတဲ့အတွက် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းရှင်တွေအတွက်တော့ အကျိုးအမြတ်ကောင်းများ ရရှိနေပါပြီ'' ဟု အာရှရွေကမ္ဘာကုမ္ပဏီမှ စက်ရုံတာဝန်ခံ ဦးမောင်စိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပေးဝယ်နေ

''ကျွန်တော်တို့ ရော်ဘာ သစ်ထုတ်လုပ်ရေးကုမ္ပဏီအနေနဲ့ ရော်ဘာပင်ဆိုများကို ကျပ် ၁၀၀၀ နှုန်းနဲ့ ပေးဝယ်နေပါတယ်၊ ဝယ်ယူခဲ့တဲ့ရော်ဘာပင်ဆိုများကို သုံးပေခွဲ၊ ငါးပေ ပင်စည်အပိုင်းများအဖြစ် ဖြတ်တောက်ပါတယ်၊ ဒီပင်စည်ပိုင်းများကို အဓိပ်စက်လွှများဖြင့် ရော်ဘာသစ်များအဖြစ် ခွဲစိတ် ထုတ်လုပ်ပါတယ်၊ ဒီခွဲစိတ်ပြီးသစ်တွေကို သစ်ပေါင်းရုံထဲမှာ ရှစ်ရက်မှ ၁၀ရက်အထိ ပေါင်းစံရပါတယ်'' ဟု ဦးမောင်စိုးက ဆက်လက် ရှင်းပြသည်။



ခွဲစိတ်

ခွဲခြမ်းရော်ဘာသားများကို အရွယ်အစားညီညီ စက်ဖြင့် ခွဲစိတ်ပေးရသည်။

(မြန်မာ့အလင်း)

ပေါင်းခံထား

ရော်ဘာသစ်လုံးများကို စက်ရုံလုပ်သားများက အဆင့်ဆင့်ခွဲထုတ်ပြီး ထွက်ရှိလာသည့် ရော်ဘာအထွင်းသားများကို သစ်ပေါင်းရုံအတွင်း ပေါင်းခံထားသည်ကို တွေ့ရသည်။ ယင်းသစ်ပေါင်းရုံအတွင်း ရှစ်ရက်မှ ၁၀ရက်အထိ ပေါင်းခံပြီးသည့် ရော်ဘာသစ်များကို အမျိုးအစားလိုက် ခွဲခြားကာ ကုန်သေတ္တာများအတွင်း အနေတော် ထည့်သွင်းနိုင်ရန် ရွေးချယ်ထုပ်ပိုးလျက်ရှိသည်ကို တွေ့ရသည်။

တီထွင်ကြံဆ

ယခုအခါ ရော်ဘာသစ်ပေါင်းသားများကို ကမ္ဘာတစ်ခွင်၌ ခေတ်မီ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးတွင်ကျယ်လျက်ရှိသည်။ နိုင်ငံတကာ သစ်ဈေးကွက်တွင် ကျန်းသစ်နှင့် သစ်မာဈေးများ ဈေးမြင့်မားနေမှုကြောင့် နည်းပညာရှင်များက တီထွင်ကြံဆကာ ရော်ဘာသစ်ပေါင်းသစ်များကို သစ်မာအစား ဝယ်ယူသုံးလာကြသည်။

လူကြိုက်များ

ရော်ဘာသစ်ပေါင်းဖြင့် ထုတ်လုပ်ထားသော ပရိဘောဂများသည် အရည်အသွေး ကောင်းမွန်ခြင်း၊ သန့်ရှင်းတောက်ပြောင်ခြင်းတို့ကြောင့် လူကြိုက်များလျက်ရှိသည်။ ရော်ဘာသစ်များ အသုံးဝင်မှု များလာခြင်းတို့ကြောင့် ပြည်ပဈေးကွက် အဝယ်လိုက်လာသည့် သစ်အမျိုးအစားတွင် ပါဝင်တာပြိုဖြစ်ကြောင်း ဆင့် ရေးသားလိုက်ရပါသည်။

(မြန်မာ့အလင်း)

စက်ဖြင့်ခွဲခြမ်း

ပိုင်းဖြတ်ပြီး ရော်ဘာသစ်တုံးများကို ဤသို့ စက်ဖြင့်ခွဲခြမ်းပေးရသည်။

(မြန်မာ့အလင်း)

ရော်ဘာပင်စို

ရော်ဘာစေး မထွက်တော့သည့် ရော်ဘာပင်ဆိုများကို ဤသို့ ပိုင်းဖြတ်ထားသည်။

(မြန်မာ့အလင်း)

ရော်ဘာသစ်ခွဲသား

နိုင်ငံခြားတင်ပို့ရန် အသင့် စည်းနှောင်ထားပြီး ရော်ဘာသစ်ခွဲသားများ။

(မြန်မာ့အလင်း)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် မူဆယ်တွင် ကျင်းပ

မူဆယ် ဇွန် ၁၂

ဇွန် ၅ရက်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်ဆွမ်ကျေးရွာစိုက်ခင်းတွင် ယင်းနေ့ နံနက်က ကျင်းပရာ မူဆယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဦး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်ဟန်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်နိုင်ထွန်းနှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်၍ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှုန်းဖြင့် အပင် ၁၂၀၀၊ တစ်အိမ်ထောင်လျှင် ယုကလစ် အပင် ၂၀နှုန်းဖြင့် အပင် ၁၉၀၀ စုစုပေါင်း အပင် ၃၁၀၀ စိုက်ပျိုးခဲ့ကြသည်။

ဟောပြော

ဆက်လက်၍ နမ့်ဆွမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်နိုင်ထွန်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကို ဟောပြောပြီး စာရေးဆရာ သိန်းစော် (ရွှေလီဦး)နှင့် ကဗျာဆရာ မျိုးခိုင် (မူဆယ်)တို့က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများ ဟောပြော ခဲ့ကြသည်။

ဆုချီးမြှင့်

ဌင်းနေ့ကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူ နမ့်ဆွမ်ကျေးရွာ အလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူသုံးဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အိပ်မက်တွေနဲ့ ရီးရဲမက်ဒရစ်

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

မက်ဒရစ် ဇွန် ၁၂

ရီးရဲမက်ဒရစ်ကလပ်ရဲ့ နွေရာသီကစားသမားဝယ်ယူရေး အကောင်အထည်ဖော်မှုတွေဟာ တစ်ကမ္ဘာလုံးက အံ့အားသင့်စရာကောင်းအောင် ဖြစ်နေတာမို့ ရီးရဲမက်ဒရစ်ကလပ်ရဲ့ ငွေကြေးသုံးစွဲမှုတွေဟာ ဒုဘိုင်းအခြေစိုက်စီးပွားရေးလုပ်ငန်းအုပ်စုက စော်ဘွားသူဌေးတွေတောင် ထိုင်ကြည့်နေရတဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။

စံချိန်တင်

မနှစ်ကတည်းကခေါ်ယူဖို့ လက်ပြင်နေတဲ့ ပေါ်တူဂီနဲ့ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုကို စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ပေးပြီး ခေါ်ယူလိုက်ပြီဖြစ်တာမို့ ခြေနှစ်ချောင်းဘောလုံးဈေးကွက်မှာတော့ စီရိုနယ်ဒိုတို့က စံချိန်သစ်တင်ပြီး ပြောင်းရွှေ့ကြေးအများဆုံးနဲ့ မှတ်တမ်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အောင်မြင်မှုရယူလိုတဲ့ ပီရက်ဇ်။

ပီရက်ဇ်၏ခြေလှမ်း

ဇွန် ၁ရက်မှာ ရီးရဲမက်ဒရစ်ဥက္ကဋ္ဌသစ်ဖြစ်လာတဲ့ ဖလောရင်တီနိုပီရက်ဇ်က ဥက္ကဋ္ဌတာဝန်ကို ကျမ်းသစ္စာကျိန်ဆိုပြီးတဲ့နောက်မှာ ရီးရဲမက်ဒရစ်ကို ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းအဖြစ် ဒီနေ့ကစပြီး ပြင်ဆင်မယ်လို့ ထုတ်ဖော်ပြောကြားလိုက်တာနဲ့အတူ ဝိဝါဒကွဲပြားနေတဲ့ ကလပ်အသင်းအမှုဆောင်တွေကို ဖယ်ရှားပစ်ခဲ့ပါတယ်။ ဒါက ပထမဆုံးကလပ်အတွင်းလှုပ်ရှားမှုဖြစ်ပြီး တစ်ဆက်တည်းမှာပဲ ကစားသမားခေါ်ယူရေးနဲ့ ပတ်သက်လို့ အေစီမီလန်က ကွင်းလယ်တိုက်စစ်မှူး ကာကာကို အမေရိကန်ဒေါ်လာ ၁၁၄သန်း ပြောင်းရွှေ့ကြေးပေးပြီး ခေါ်ယူခဲ့သလို အခုဆိုရင် မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုကို အမေရိကန်ဒေါ်လာ သန်း၁၃၁ပေးပြီး ခေါ်ယူလိုက်တာ ပီရက်ဇ်ရဲ့ ခြေလှမ်းတွေ ဘယ်ကိုဦးတည်နေတယ်ဆိုတာ ထင်ရှားနေပြီဖြစ်ပါတယ်။

မျှော်မှန်းချက်

ကာကာနဲ့ စီရိုနယ်ဒိုတို့နှစ်ဦးရဲ့ အသင်းပြောင်းရွှေ့စရိတ်ဟာ ပေါင်သန်း ၁၃၀ကျော်နေတာမို့ ပေါင်သန်း ၁၀၀နဲ့ ရောင်းမယ့် နယူးကာဆယ်ကလပ်ရဲ့တန်ဖိုးထက်တောင်များနေပါသေးတယ်။ ဒီလိုများပြားတဲ့ ပြောင်းရွှေ့ကြေးတွေ သုံးနေတာဟာ ကမ္ဘာ့ကျော်ဘောလုံးသမားတွေအတွက် ထိုက်တန်တဲ့လစာငွေကြေးတွေပေးနိုင်တဲ့ ရီးရဲမက်ဒရစ်အသင်းကို ဘောလုံးသမားတွေရဲ့ အိပ်မက်ဆန်ဆန်မျှော်လင့်စရာ ကမ္ဘာ့အကောင်းဆုံးကလပ်အဖြစ် ရောက်စေဖို့ဖြစ်ပါတယ်။ ဒါ့အပြင် ရီးရဲမက်ဒရစ်အသင်းကို ဥရောပချန်ပီယံဖလား ဆက်တိုက်ဆွတ်ခူးနိုင်ဖို့နဲ့ စပိန်လာလီဂါဖလားကို ရီးရဲမက်ဒရစ်ကလပ်ကလွဲပြီး ဘယ်အသင်းကမှ မရယူနိုင်ဖို့ဆိုတဲ့ ရီးရဲ မက်ဒရစ်ရဲ့ အောင်မြင်မှုကို ရူးသွပ်စွာမျှော်မှန်းနေတဲ့အတွက်ပဲ ဖြစ်ပါတယ်။

ကမ္ဘာကျော်ကစားသမားများ

တကယ်တော့ တစ်ကျော့ပြန် ရီးရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌ ပီရက်ဇ်ဟာ ပထမအကြိမ် ဥက္ကဋ္ဌသက်တမ်းမှာ ဒီလိုပဲ ကမ္ဘာကျော်ဘောလုံးသမားတွေနဲ့ တည်ဆောက်ပြီး ကမ္ဘာ့ထိပ်တန်းကလပ်ဖြစ်အောင် ကြိုးစားခဲ့ပါသေးတယ်။ အဲဒီတုန်းက ကမ္ဘာကျော်ဘောလုံးသမားတွေဖြစ်တဲ့ ဇီဒန်း၊ ရော်နယ်ဒိုနဲ့ ဖီဂိုတို့လို ကစားသမားတွေနဲ့ စုဖွဲ့ပြီး ရီးရဲမက်ဒရစ် ဂုဏ်သတင်း ကျော်ကြားအောင် ငွေကုန်ကြေးကျခံပြီး ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်ထင်သလောက် အောင်မြင်မှုမရရှိခဲ့တာမို့ ကြယ်စင်စုဟာ လင်းလက်တောက်ပမှု အားနည်းခဲ့တာတော့ အမှန်ပါပဲ။ ဒီလိုပါပဲ ဒေးဗစ်ဘက်ခမ်း၊ နစ္စတယ်ရွိုင်း၊ မိုက်ကယ်အိုဝင်စတဲ့ ရွှေခြေထောက်ပိုင်ရှင်တွေလို့ တင်စားရမယ့် ဘောလုံးသမားတွေအင်အားနဲ့ တည်ဆောက်မွမ်းမံခဲ့ပေမယ့်လည်း ရီးရဲမက်ဒရစ်ဟာ သတင်းကြီးသလို အောင်မြင်မှုတွေ မသိမ်းပိုက်နိုင်ခဲ့ပါဘူး။

ခေတ်သစ်စူပါစတားများ

ပီရက်ဇ်ရဲ့ တစ်ကျော့ပြန် ဥက္ကဋ္ဌသက်တမ်း ၁၀ ရက်အတွင်း ခေါ်ယူခဲ့တဲ့ ကာကာနဲ့ စီရိုနယ်ဒိုတို့နှစ်ဦးဟာ ဒီနေ့ဘောလုံးလောကမှာတော့ ဘောလုံးမော်ဝင်နေတဲ့ ပဉ္စလက်ခြေထောက်ပိုင်ရှင်တွေပါပဲ။ အံ့မခန်းဘောလုံးပညာတွေနဲ့ ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ထားတဲ့ ဒီလိုဘောလုံးသမားနှစ်ဦးအပြင် ကလပ်အသီးသီးမှာ ခြေစွမ်းပြနေတဲ့ ဒေးဗစ်ဗီလာ၊ အီဘရာဟင်မိုဗစ်ချ်နဲ့ ရစ်ဘာရီတို့လို ခေတ်သစ်စူပါစတားတွေကို ဘာနေဗျူးအရောက်ဆောင်ကြဉ်းဖို့ ခြေသွက်လက်သွက်နဲ့ ကြိုးစားနေပြန်ပါတယ်။ ပီရက်ဇ်ဟာ သူ့ရည်မှန်းချက်ကို ရအောင်အကောင်အထည်ဖော်မှာဆိုတာ ထင်ရှားနေပါတယ်။

ဘောလုံးသမားများခြေစွမ်း

ရီးရဲမက်ဒရစ်ကို ခေါ်ယူလိုက်ပြီဖြစ်တဲ့ ကာကာနဲ့ စီရိုနယ်ဒိုတို့ရဲ့ ဘောလုံးစွမ်းရည်တွေဟာ မိခင်ကလပ်တွေမှာလို ရီးရဲမက်ဒရစ်မှာ ခြေစွမ်းပြနိုင်ပါ့မလားဆိုတာကတော့ စဉ်းစားစရာပါပဲ။ ၂၀၀၇ခုနှစ်က ဖီဖာရဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့တဲ့ ကာကာဟာ လက်ရှိအချိန်မှာတော့ ကျရိပ်ရှိနေပြီဆိုတာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ သူကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင်အကဲခတ်နိုင်မှာ ဖြစ်ပါတယ်။ ကာကာဟာ သူ့ရဲ့ အေစီမီလန်ကလပ်ကို ဖလားတစ်လုံးမှ မဆွတ်ခူးပေးနိုင်ခဲ့သလို ကိုယ်တိုင်လည်း ရွှေဖိနပ်ဆု မရခဲ့ပါဘူး။ ကာကာဟာ ရီးရဲမက်ဒရစ်မှာတော့ ရန်းကန်ရမှာသေချာသလို ဒူးဒဏ်ရာ ပျောက်ကင်းအောင် ကုသမှုခံယူရဦးမှာ ဖြစ်ပါတယ်။

ဒီလိုပါပဲ စီရိုနယ်ဒိုလည်း ၂၄နှစ်ဆိုတဲ့ ငယ်ဂုဏ်နဲ့ ၂၀၀၈ခုနှစ် ဖီဖာကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆိုတဲ့ အရှိန်တွေရှိနေတာမို့ ဇာတာစန်းလာဘ် တက်သလိုဖြစ်နေတာပါပဲ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဒီလေးဟာ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီကထက် ဂိုးသွင်းစွမ်းရည်ထက်ဝက်ကျဆင်းခဲ့သလို ကိုယ်တိုင်ထိုးဖောက်ကစားမှုကြောင့် ရတဲ့ဂိုးက ငါးဂိုးပဲ ရှိခဲ့ပြီး ကစားဖော်တွေ ပံ့ပိုးပေးလို့ သွင်းယူနိုင်ခဲ့တဲ့ ဂိုးက ၂၀ကျော်နေတယ်လို့ လေ့လာသုံးသပ်သူတွေက ဆိုနေကြပါတယ်။ လျင်မြန်မှု၊ ထိုးဖောက် ဖြတ်ကျော်မှုနဲ့ ဂိုးသွင်းယူမှုအပိုင်းတွေမှာအကျပိုင်းကို ယိုင်စပြုနေတာမို့ ရီးရဲမက်ဒရစ်ရဲ့ ဂိုးသွင်းဘုရင်တွေဖြစ်တဲ့ နစ္စတယ်ရွိုင်းနဲ့ရာအူးလ်တို့ကို ယှဉ်နိုင်ပါ့မလားဆိုတာ တွေးစရာပါပဲ။ နောက်ပြီး ဒီလေးနဲ့ ကာကာတို့နှစ်ဦးမှာ ဘယ်သူ့ကိုပထမပွဲထွက်စာရင်းသွင်းမယ်ဆိုတာ အခက်အခဲ တစ်ခုဖြစ်သလို တစ်ဂူထဲခြင်္သေ့နှစ်ကောင် အောင်းခိုင်းတဲ့ အနေအထားက ရေရှည်မှာ အလုပ်ဖြစ်ဖို့ မလွယ်ပါဘူး။

နှိုင်းယှဉ်မှု

ပြိုင်ဘက် ဘာစီလိုနာကလပ်ရဲ့ လက်ထဲမှာရှိနေတဲ့ ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလားနဲ့ စပိန်ဘုရင့်ဖလားတွေကို အခုဝယ်ထားတဲ့ ဆက်ပြီးဝယ်ယူမယ့် ကစားသမားတွေအားနဲ့ ရီးရဲမက်ဒရစ် ရယူနိုင်ပါ့မလားဆိုတာကတော့ သံသယ ဖြစ်စရာပါပဲ။ ဘာစီလိုနာရဲ့ နည်းပြသစ် ဂွာဒီယိုလာဟာ လူငယ်ပေမယ့် ထက်မြက်တဲ့နည်းပြတစ်ဦးဖြစ်တယ်ဆိုတာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဖလားသုံးလုံးနဲ့ သက်သေပြခဲ့ပြီးပါပြီ။ ဒါ့အပြင် မက်ဆီလို အရည်အသွေးမျိုးဟာ ကာကာမှာရော ဒီလေးမှာပါ မရှိပါဘူး၊ ဘာစီလိုနာရဲ့ အီတိုးက အသင်းမှာ ဆက်ရှိဖို့ မသေချာသလို အွန်နရီကလည်း အသက်အရွယ်ရလာလို့ စွမ်းအားပြည့် မကစားနိုင်ပေမယ့် တစ်ဖက်အသင်း နောက်ခံလူတွေကို ဒုက္ခအပေးနိုင်ဆုံး တိုက်စစ်မှူးအဖြစ် ရပ်တည်နေဆဲပါပဲ။ ဒါပေမယ့် တက်လူနဲ့ ကျလူအပိုင်းကို ကြည့်ရင်တော့ နုပျိုမှုမှာ ရီးရဲမက်ဒရစ်တို့ သာမှာဖြစ်ပါတယ်။

အောင်မြင်မှုအတွက် လက်တွေ့ကျတဲ့ ဘောလုံးသမား ဖြည့်ဆည်းမှုတွေကို ငွေကုန်ခံ လုပ်ဆောင်နေတဲ့ ရီးရဲမက်ဒရစ် ဥက္ကဋ္ဌ ပီရက်ဇ်ရဲ့ အိပ်မက်တွေ လာမယ့် ဘောလုံးရာသီမှာ ဘယ်လောက်အထိ အကောင်အထည်ဖော်နိုင်မလဲဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

တစ်ဦးကောင်းဖွဲ့စည်းထားခြင်းမဟုတ် မန်ယူ ခံစစ်မှူး ဖာဒီနန်ပြောကြား

မန်ယူအသင်းသည် တစ်ဦးကောင်းဖြင့်ဖွဲ့စည်းထားသော အသင်းမဟုတ်သဖြင့် ရာသီတိုင်းအောင်ပွဲများရရှိနေခြင်းဖြစ်ကြောင်း မန်ယူခံစစ်မှူးဖာဒီနန်က ထုတ်ဖော်ပြောကြားသည်။

ဗီအဲရာအား မန်စီးတီး ခေါ်ယူလို

အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်းနှင့် အင်တာမီလန်ကစားသမားဗီအဲရာကို မန်စီးတီးကလပ်က ခေါ်ယူလိုကြောင်း၊ ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်း ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းလိုက်သည်။

ပီတာချက် ဆက်ကစားရေး ဆုံးဖြတ်မည်

ဦးခေါင်းဒဏ်ရာသက်သာနေသော်လည်း မိမိအနေဖြင့် လာမည့်ဘောလုံးရာသီ၌ ချယ်လ်ဆီးအသင်းမှ အနားယူရန်မျှော်မှန်းထားကြောင်း၊ မိမိသည်အနားယူရန် လိုအပ်နေကြောင်း၊ ဆက်ကစားမည် မကစားမည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဂိုးသမား ပီတာချက်က ပြောကြားသည်။

မန်ယူအသင်း ကစားသမားသစ် စိတ်ကြိုက်ဖြည့်ဆည်းနိုင်

မန်ယူအသင်းအနေဖြင့် ထိုက်တန်သည့် ကစားသမားများကို စိတ်ကြိုက်ဝယ်ယူခွင့်ရှိကြောင်း၊ ငွေကြေးအလုံအလောက် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မန်ယူအသင်းပိုင်ရှင် ဂလေဇာက ပြောကြားသည်။

ချယ်လ်ဆီးအသင်း ငွေကြေးပိုမိုသုံးစွဲမည်

ချယ်လ်ဆီးအသင်း အောင်မြင်မှုရရှိရေးအတွက် ကစားသမားသစ်များဝယ်ယူရန် နည်းပြသစ်အန်ဆယ်လော့တီအား ပေါင်သန်း ၅၀ အသုံးပြုခွင့်ပေးမည်ဖြစ်သော်လည်း ယင်းပမာဏထက် ပိုမိုသုံးစွဲနိုင်ကြောင်း အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က ပြောကြားသည်။

ရွန်နေ အသင်းပြောင်းမည်မဟုတ်

မန်ယူတိုက်စစ်မှူး ရွန်နေက မိမိအား အီတလီထိပ်တန်းကလပ်အသင်းမှ ပြောင်းရွှေ့ကစားရန် ဆက်သွယ်နေသော်လည်း မန်ယူ၌သာ အမြဲတမ်း ကစားသွားမည်ဟု ဆုံးဖြတ်ထားကြောင်း ပြောကြားသည်။

ရှုံးပွဲကြုံသဖြင့် မာရာဒိုနာ ကြေကွဲနေ

ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် တောင်အမေရိကဇုန်အသင်းများဖြစ်သော အာဂျင်တီးနားနှင့် အီကွေဒေါ် အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အာဂျင်တီးနားအသင်း နှစ်ဂိုးပြတ်ရှုံးခဲ့ခြင်းအတွက် မိမိကြေကွဲမျက်ရည်ကျခဲ့ရသည်ဟု အာဂျင်တီးနားနည်းပြ မာရာဒိုနာက ပြောကြားသည်။

အာစင်ဝင်းဂါး ဗျူဟာပြောင်းမည်

မိမိသည် လူငယ်ကစားသမားများကို အလေးထားမျှော်မှန်းခဲ့သော်လည်း ရလဒ်မကောင်းခဲ့သဖြင့် လူငယ်ဦးစားပေးဗျူဟာကို ပြောင်းလဲသင့် ပြောင်းလဲရမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။

ချယ်လ်ဆီး၏ကမ်းလှမ်းမှု ဒေးဗစ်ဗီလာပယ်ချ

ဗလင်စီယာ တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ချယ်လ်ဆီး၏ ကမ်းလှမ်းမှုကို လက်မခံပယ်ချလိုက်ပြီး ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန်သာ သဘောတူ လက်ခံလိုက်ပြီဖြစ်သည်။

မောင်ချစ်ကြည် စုစည်းတင်ပြသည်

ချယ်လ်ဆီးနောက်တန်းလူ ဘော့စင်ဝါအား ဘိုင်ယန်မြူးနစ် စိတ်ဝင်စား

မြူးနစ် ဇွန် ၁၂

ချယ်လ်ဆီး နောက်တန်းကစားသမား ဘော့စင်ဝါ(**အပေါ်ပုံ**)အား ဘိုင်ယန်မြူးနစ်က ခေါ်ယူသွားရန် ပစ်မှတ်ထားနေသည်။

ညာတောင်ပံနောက်တန်းကစားသမား ဘော့စင်ဝါသည် ချယ်လ်ဆီးနောက်တန်းကို တံတိုင်းသဖွယ် ကာကွယ်ပေးနိုင်သည့် အကောင်းဆုံး နောက်တန်းကစားသမားဖြစ်ကြောင်း ဘိုင်ယန်မြူးနစ် မန်နေဂျာ ချုပ် ယူလီဟိုစင်နက်က ပြောကြားသည်။ ၄င်းသည် ပြီးခဲ့သောနွေရာသီက ပေါ်တူဂီ လက်ရွေးစင်အသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ **(အင်တာနက်)**

ကွင်းဖလား တင်းနစ်ပြိုင်ပွဲ အန်ဒီရော့ဒစ် ကွာတားဖိုင်နယ်တက်

လန်ဒန် ဇွန် ၁၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပလျက်ရှိသော ကွင်းဖလား တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ အန်ဒီရော့ဒစ် (ယာပုံ) က ဩစတြေးလျ တင်းနစ်ကစားသမား ဟေးဝစ်ကို အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ရော့ဒစ်သည် ကွာတားဖိုင်နယ်တွင် အီဗိုကာလိုဗစ်နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ဝင်ဘယ်ဒန်ဖလား နာဒယ် ကာကွယ်နိုင်ဖွယ်မရှိ

မက်ဒရစ် ဇွန် ၁၂

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်(**ဝဲပုံ**)က ၄င်းအနေဖြင့် ဒူးခေါင်းနှစ်ဖက်စလုံး ဒဏ်ရာရရှိထား၍ ဝင်ဘယ်ဒန်ဖလားကို ကာကွယ်ရန် မသေချာကြောင်း ဝန်ခံပြောကြားလိုက်သည်။

ဝင်ဘယ်ဒန်ဖလား တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၂ ရက်တွင် လန်ဒန်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရာဖေးလ်နာဒယ်သည် လွန်ခဲ့သောသီတင်းပတ်က ပါရီမြို့၌ကျင်းပသော ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ညာဘက်ဒူးခေါင်း ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

မိုက်ကယ်ဆန် ယူအက်စ်အိုးပင်း ယှဉ်ပြိုင်မည်

မမ်ဖစ် ဇွန် ၁၂

အမေရိကန်ဂေါက်သီးအကျော်အမော် တစ်ဦးဖြစ်သည့် မိုက်ကယ်ဆန်(**အောက်ပုံ**)သည် ၄င်းအနေဖြင့် ဇနီးသည်၏ ကျန်းမာရေး အခြေအနေပြန်လည် ကောင်းမွန်လာမှုကြောင့် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲ နိုင်လိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။

ကမ္ဘာ့နံပါတ် ၂ အဆင့်ရှိ မိုက်ကယ်ဆန်အား နယူးယောက်၌ ကျင်းပမည့် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် ပရိသတ်များက အားပေးလျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာ့ခေတ်ဥတုဘေးရုံကြီးများ

ကမ္ဘာတစ်နှံး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ ရထားဖြင့်ခရီးသွားခြင်းသည်လည်း များပြားလာသည်။ ရထားဆိုက်ရောက်မှုနှင့် ခရီးသည်များနားခိုရာအပြင် အဆင်းအတက် ပြုလုပ်မှုနှင့် ကုန်ပစ္စည်းများတင်ချရာတို့တွင် အသုံးပြုရေးအတွက် ဥတုရာရှိကြီးများကို ကမ္ဘာ့မြို့ကြီးများ၌ တည်ဆောက်ထားသည်။ ယင်းဥတုဘရုံများအနက် ကမ္ဘာ့ပေါ်တွင် ခရီးသည်အများဆုံး ဝင်ထွက်သွားလာသော ဥတုဘရုံကြီးများကို စုစည်းဖော်ပြလိုက်ရပါသည်-

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

တိုကျိုမြို့မှ ရှင်ကျူကူဥတုဘရုံ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရှီဥယာရပ်ဂွက်နှင့် ရှင်ကျူကူ ရပ်ဂွက်အတွင်းတည်ရှိသည်။ ၁၈၈၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ နှစ်ပေါင်း ၁၂၄ နှစ် သက်တမ်းရှိပြီဖြစ်သည့် ဥတုဘရုံဖြစ်သည်။ (ဝဲပုံ)

ဝင်ထွက်လျက်ရှိ

လျှပ်ပြေးသံလိုက်ရထား၊ ကျည်ဆန်ရထားနှင့် ရိုးရိုးအမြန်ရထားများ အဝင်အထွက် ၂၀၀ကျော်ရှိသည်။ ရှင်ကျူကူဥတုဘရုံ၌ နေ့စဉ်ခရီးသည် တစ်သန်းခွဲခန့် ဝင်ထွက်သွားလျက်ရှိသည်။ (အင်တာနက်)

နာဂိုယာ ဥတုဘရုံ

ဂျပန်နိုင်ငံ နာဂိုယာမြို့ အိုင်ချိအရပ်၌ တည်ဆောက်ထားရာ ကမ္ဘာ့ပေါ်တွင် အကြီးဆုံးဥတုဘရုံကြီးဖြစ်သည်။ ကြမ်းခင်းအကျယ်အဝန်းမှာ စတုရန်းပေ ၄၈၀၀၀၀ ရှိသည်။ အထပ် ၅၀ မြင့်သော အမြောချော်စင် အဆောက်အအုံဖြစ်သည်။ (အပေါ်ပုံ)

နာဂိုယာဥတုဘရုံကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ဉခရီးသည် ၁၁၄၀၀၀ကျော် ရထားစီးနင်းလျက်ရှိသည်။ (အင်တာနက်)

ဘာလင်မြို့မှ ဥတုဘရုံ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ အကြီးဆုံးဥတုဘရုံဖြစ်သည်။ ထို့အတူ ဂျာမနီနိုင်ငံတစ်နံးရှိ အကြီးဆုံးဥတုဘရုံပေါင်း ၂၀ ရှိသည့်အနက် တစ်ရုံအပါအဝင်ဖြစ်သည်။ (ယာဝဲပုံ)

ပြုပြင်တည်ဆောက်

ဒုတိယကမ္ဘာစစ်အတွင်း ဗုံးကြီးခဲ့သည့်အတွက် ပြန်လည် ပြုပြင်တည်ဆောက်ခဲ့ပြီး အကြိမ်ကြိမ်ပြုပြင်မွမ်းမံပြုလုပ်ခဲ့ရာမှ နောက်ဆုံးပြင်ဆင်ဖွင့်လှစ်မှုကို ၂၀၀၆ခုနှစ် ဧပြီ ရက်က ပြုလုပ်ခဲ့သည်။ နေ့စဉ်ခရီးသည်အဝင်အထွက် ၃၅၀၀၀၀ခန့် ရှိသည်။ (အင်တာနက်)

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

နင်းထုဗယ်ရှားသည်ကားကို တီထွင်ခဲ့သူ ဂျိုးဇက်အာမန်ဘွမ်ဘာဒီယာ

၁၉၀၇-၁၉၆၄

သက်ရှိလူသားတို့သည် သတ္တလောကတွင် မရှိသေးသောရပ်ဝတ္ထုပစ္စည်းများကို တီထွင်ကြဆဲသကဲ့သို့ ပို၍သားအရာဝတ္ထုများကိုလည်း တိုးတက်သည်ထက် တိုးတက်လာစေရန် အဓြေတခံကြိုးစားအားထုတ်လျက်ရှိသည်။ ထို့အပြင် နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့ရတတ်သော သဘာဝဘေးအန္တရာယ်နှင့်လူမှုဒုက္ခများကို အနံ့ရ၊ခိုင်းကျွတ်ဖြတ်ရင်း အသစ်အသစ်သောရုပ်ဝတ္ထုပစ္စည်းများ တိုးတက်ပေါ်ထွန်းလာကာ လူနေမှုအဆင့်အတန်းမြင့်မားသည်ထက် မြင့်မားလျက် လူ့ဘောင်ဘဝကြီးတစ်ခုလုံး အဓြတခံပြောင်းလဲတိုးတက်လာရသည်။

ဘေးအန္တရာယ်

ထိုအထဲတွင် သဘာဝဘေးအန္တရာယ်ကို ကြိုကြံခံအန်တုရင်း တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်တီထွင်မှုကြောင့် ကမ္ဘာပေါ်ရှိ အရှိန်နိုင်ဆုံးစွာတွင် နှင်းများ အဆမတန် ထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် သွားလာဆက်သွယ်ရေးကို ပြတ်တောက်စေသော နှင်းခဲများကို ရှင်းလင်းသည့် နှင်းထုဖယ်ရှားသည့်ကား တစ်နည်းအားဖြင့် ရေခဲနှင်းလင်းသည့် ကား ပေါ်ပေါက်လာရသည်။ အဆိုပါနှင်းရှင်းကားကို တီထွင်ခဲ့သူမှာ ကနေဒါနိုင်ငံသား ဂျိုးဇက်အာမန်ဘွမ် ဘာဒီယာ (ယာဝဲ) ဆိုသူဖြစ်သည်။

တီထွင်

ဂျိုးဇက်အာမန်ဘွမ်ဘာဒီယာကို ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်အရှေ့ပိုင်း ဗယ်လ်ကုတ်မြို့၌ ၁၉၀၇ခုနှစ် ဧပြီ ၁၆ရက်တွင် အဖ အဲလ်ဖရက်ဘွမ်ဘာဒီယာနှင့် အမိ အန်နာဂရာဇယ်လ်ဂိမ္ဘ မွေးဖွားခဲ့သည်။ ဂျိုးဇက်သည် အကြီးဆုံးသားဖြစ်ပြီး ငှင်းဏ် အောက်တွင် ညီ၊ ညီမ ခုနစ်ဦးရှိသည်။ ဂျိုးဇက်တွင် တီထွင်မှဲဝင်းလိုစိတ် ကြီးမားစွာရှိပြီး စိတ်ကူးဉာဏ်ထက်မြက်သည့် ပါရမီနှင့်ပြည့်နှဲသည်။ ငှင်းသည် ငယ်ရွယ်စဉ်ကလေးဘဝ ကတည်းကပင် စက်မှုပညာတွင် သဘာဝကမေးသည့် ထူးချွန်ထက်မြက်မှုရှိနေပြီး ယင်း စက်ယန္တရားပစ္စည်းများနှင့်ပင် ဆော့ကစားလေ့ရှိသည်။ ဂျိုးဇက်သည် အသက်ငါးနှစ်အရွယ်မှာပင် အဝါရုပ်စက်၏ အစိတ်အပိုင်းများနှင့် စားပွဲတင်နာရီမောင်းများ၏ အပိုင်းအစများကို အသုံးပြုကာ အဓေးထိန်းစနစ်သုံး ကစားစရာကားငယ်လေးကို တီထွင်ပြလုပ်နိုင် အောင်ပင် ထူးချွန်ခဲ့သည်။

ငှင်းသည် အဓေါများ ဝိုင်းဝန်းထွင် အသုံးပြသော ရစ်ဘီးနှင့် ရေနွေးငွေ့အင်ဂျင်ကို ဆက်သွယ်ကာ ရိုင်ဖယ်သေနတ်အောင်းတစ်လက်ကို အသေးစားအခြောက်တစ်လက် အဖြစ် ပြောင်းလဲတီထွင်နိုင်ခဲ့သည်။ အသက် ၁၃နှစ်အရွယ်ရောက်သောအခါ ဂျိုးဇက်သည် နာဂီကဲ့သို့ သံပတ်ဖြင့်သွားသော စက်ယန္တရားများကို အသုံးပြုတတ်ဆင်ကာ ကစားစရာ ထွန်စက်လေးများ၊ ကားလေးများနှင့် အသေးစားလေ့လေးများကို တီထွင်ထုတ်လုပ်နေပြီ ဖြစ်သည်။

ပွဲထိန်းမောင်းနှင်

ဂျိုးဇက်သည် အသက် ၁၅နှစ်အရွယ်တွင် ဖခင်က ငှင်းအား ပို့ဒဲ့မော်တော်ကား အဖောင်းတစ်စီးလေးလိုက်သောအခါ ငှင်းဏ်တီထွင်မှုမှာ ပိုမိုပီပြင် ပေါ်လွင်လာသည်။ ငှင်းသည် ဖို့ဒဲ့ကားမှ အင်ဂျင်စက်ကို ဖြတ်ယူကာ ခရီးသည်လေးဦးတင်ဆောင်နိုင်သော စွမ်းဏ်၏အောက်ခံပေါင်တွင် တပ်ဆင်သည်။ ထို့နောက် ဂီယာအုံ့၏ နောက်ဝဲပိုးပေါ်တွင် လက်လှည်သဖွယ်သားပန်ကာကြီးကို တပ်ဆင်ခဲ့သည်။ ၁၉၂၂ခုနှစ် နှစ်သစ်ကူးချိန်၌ ငှင်း၏ အင်ဂျင်စက်တပ်စွမ်းအားကို အောင်မြင်စွာတပ်ဆင်ပြီးစီးခဲ့သည်။ ဂျိုးဇက်သည် စွမ်းအား နောက်ပိုင်းတွင်ရပ်ပြီးစက်နှိုးကာ ပန်ကာကိုလည်စေချိန်တွင် ငှင်း၏ညီ ဇီယိုဒိုးလ်အား စက်သစ်မှ လီဗာကို ခြေထောက်များဖြင့် ဖိနင်းကာ ပဲ့ထိန်းမောင်းနှင်စေခြင်းဖြင့် ယင်းစွမ်းအားသည် နှင်းများအပေါ်တွင် တစ်ကီလိုမီတာ ခရီးကို သွားနိုင်ခဲ့သည်။

ထုတ်လုပ်ပေးခဲ့

ကံမကောင်းစွာပင် ဖခင် အဲလ်ဖရက်ဒ်က ဂျိုးဇက်အလွတ်ထိုင်ထားသည့် ပန်ကာက သားငယ်၊ သမီးငယ်များအား ထိခိုက်ပြတ်ရှုမည်ကို စိုးရိမ်မှကြောင့် စွပ်ဖားတွင် တပ်ဆင်ထားသည့် အင်ဂျင်ကို ဖြုတ်ယူစေခဲ့ပြီး ဂျိုးဇက်၏တီထွင်မှုသည် အန္တရာယ်ရှိသည်ဟု ယူဆကာ အားမပေးခဲ့တော့ချေ။ ထို့အရှိန်မှစတင်ကာ ဂျိုးဇက်သည် နေ့တွင် ငှင်းနေထိုင်ရာအရပ်ရှိ ကားပြင်အလုပ်ရုံတွင် အလုပ်လုပ်ကာ ညဘက်တွင် လျှပ်စစ်နှင့်စက်မှုဆိုင်ရာ အင်ဂျင်နီယာ ပညာရပ်များကို အပတ်တကုတ် လေ့လာသင်ယူခဲ့သည်။ ယင်းပညာရပ်များကို လေ့လာရာတွင် ပိုမိုအထောက်အကူဖြစ်စေရန် အင်္ဂလိပ်စာကိုလည်း မိမိကိုယ်တိုင် လေ့လာသင်ယူခဲ့သည်။ ဂျိုးဇက် ၁၉နှစ်အရွယ်တွင် ဖခင်က ကိုယ်ပိုင်ကားပြင် အလုပ်ရုံဆောင်ပေးခဲ့ပြီး သူ၏အလုပ်ရုံမှ ကိရိယာတန်ဆာပလာများနှင့် ကားပစ္စည်းအချို့ကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ငှင်းသည် အလုပ်ရုံအနီး ဆည်လေးတစ်ခုတည်ဆောက်ကာ အလုပ်ရုံတွင် လျှပ်စစ်မီး ရရှိရေးဆွတ် ယင်းဆည်လေးတွင် တာတိုင်းသေးစားတစ်လုံးကို ထိုင်ထားခဲ့သည်။ ဂျိုးဇက်သည် စက်ပြင်ဆရာတစ်ဦးအနေဖြင့် စက်ယန္တရားများကို ပြင်ရုံသာမက စက်ရုများ၊ ကောက်ပဲသီနှံ စိုက်သိမ်းစက်များနှင့် ရေစုပ်စက်များကိုလည်း တီထွင်ထုတ်လုပ်ပေး ခဲ့သည်။

ဂျိုးဇက်သည် ကိုယ်ပိုင်အားလပ်ချိန်များ၌ နှင်းထုပေါ်တွင် ခရီးသွားလာစေပေးနှင့် နိုင်သည့် ယာဉ်များကို သုတေသနပြုကာ တီထွင်ကြဆဲနေရင်းကို များစွာနှစ်ချိုက်သွဖြစ်သည်။ သူ၏စိတ်ကူးရည်ရွယ်ချက်မှာ နှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းနေရှိန်တွင် ခရီးသွားလာနိုင်သည့်ယာဉ်ကို တီထွင်ရန်ဖြစ်ပြီး ငှင်း၏စိတ်ကူးထဲမှ အကြံအစည် ရည်ရွယ်ချက် အောင်မြင်နိုင်ရန်လည်း အမြဲကြံစည်ကြိုးစားခဲ့သည်။ နှစ်ပေါင်းများစွာ အတွင်း ငှင်း၏အလုပ်ရုံတွင် စက်ပစ္စည်းအသစ်ဆန်းများစွာကို ထုတ်လုပ် ပေးခဲ့ပြီး ယင်းအချိုးများ အဖုံဖုံသော စက်ပစ္စည်းများအတွက် ဆွဲအား၊ မောင်းနှင်သည့် နည်းလမ်းတို့ကို ထိန်းညှိပေးခဲ့ပြီး စက်ပစ္စည်းအလေးချိန်ကို လျော့ချကာ အမျိုးစားမှန်ကန်ရန်လည်း ကြိုးစားခဲ့သည်။

ခိုင်မာ

၁၉၂၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဂျိုးဇက်သည် ပိုင်ဝန်နိုင်လာဂရက်ဂီအမည်ရှိ အမျိုးသမီးနှင့်လက်ထပ်ခဲ့ပြီး ဂျာမိန်း၊ ပိုင်ဝန်၊ ကျနိုင်း၊ ကလဲရ်၊ ဟူဂျယက်ဝီနှင့် အန်ဒရီဟူသော သားသမီးခြောက်ဦး ထွန်းကားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဂျိုးဇက်၏ နှစ်နှစ်အရွယ် သားငယ် ပိုင်ဝန်မှာ အူဆတက်ပေါက်ခဲ့ရာ နှင်းထူထပ်စွာကျဆင်းသည့် ဆိုးရွားသောရာသီ ဥတုကြောင့် ဆေးရုံသို့ အရှိန်မီမပို့နိုင်သဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ ထိုအရှိန်မှစတင်ကာ နှင်းထုဖယ်ရှားသည့်ကား တီထွင်လိုသော ဂျိုးဇက်၏ဆန္ဒမှာ ပို့မိုနိုင်မာလာခဲ့သည်။

ကြဆောင်နိုင်

၁၉၃၅ ခုနှစ်တွင် ဂျိုးဇက်သည် သူတီထွင်လိုသောနှင်းထုဖယ်ရှားသည့်ကားကို အဆောင့်အတိုက် သက်သာဆောင် ရည်ဘာကဥရုင်ခံထားပြီး နေ့သွားစိပ်ဘီးသုံး ဘီးပတ်ချိန်းကြိုးစနစ် နှင်းထုဖယ်ရှားသည့်ကားကို ဒီနိုင်းထုတ်လုပ်တီထွင်နိုင်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် နှင်းထုဖယ်ရှားသည့်ကား၏ ရှေ့ပိုင်းတွင် ပဲထိန်းမောင်းနှင်နိုင်ရန် ဂီယာအုံကိုထိုင်ကာ စတီယာရင်ကို တပ်ဆင်ခဲ့သည်။ ယင်းနှစ် ဇွန်၂၉ ရက်တွင် ဂျိုးဇက်သည် ငှင်း၏ တီထွင်မှုကို မှတ်ပုံတင်ခဲ့သည်။ ငှင်း၏ အလုပ်ရုံကို အယ်လ်ဆော်တို နီဂီဘွန်ဘာဒီယာ ကုမ္ပဏီဟု အမည်ပြောင်းခဲ့သည်။ နှင်းထုဖယ်ရှားသည့် ကားကို ပထမဦးဆုံးလုပ်ခဲ့ပြီး ထို့နောက် ၁၂ ဦးအထိ တင်ဆောင်နိုင်အောင် အဆင့်ဆင့် ထုတ်လုပ်ခဲ့ပြီး တစ်နှစ်လျှင် နှင်းထုဖယ်ရှားသည့်ကား ၂၀၀ ဝန်းကျင်ထုတ်လုပ်နိုင်ခဲ့သည်။ ခရီးသည် ၁၈ ဦးတင်ဆောင်နိုင်သော နှင်းထုဖယ်ရှားသည့်ကားမှ တစ်ဆင့် ကျော်ကားသား ၂၅ ဦးတင်ဆောင်နိုင်သည့် နှင်းထုဖယ်ရှားသည့်ကားအဖြစ် တိုးတက် အောင်ကြဆောင်နိုင်ခဲ့သည်။

အဆင့်ဆင့်

ဂျိုးဇက်သည် ၁၉၄၂ ခုနှစ်တွင် ငှင်း၏ကုမ္ပဏီကို ဘွမ်ဘာဒီယာကုမ္ပဏီအဖြစ် ပြောင်းလဲမှတ်ပုံတင်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်သောအခါ ကာဂီအမည်ရှိ စစ်သုံးယာဉ်၊ ဘီဝမ်းနှင့် သံချပ်ကာကားများကို တီထွင်ပေးခဲ့သော်လည်း ငှင်းတီထွင်ပေးသော စစ်သုံးယာဉ်များ၏ကန်ဒိုးကို အစိုးရကပေးချေခြင်း မပြုခဲ့ချေ။ ၁၉၄၇ ခုနှစ်၌ နှင်းကုန်ထုပ်ပါးလာချိန်တွင် ဂျိုးဇက်သည် ရေနံရာဇဝန်ရေးတွင် အသုံးဝင်သည့် ချိန်းကြိုးဖြင့် သွားသော စက်ယန္တရားကို ထပ်ဆင့်တီထွင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဘီးရစ်ဘီးပါပြီး တစ်ဖက်လျှင် ချိန်းကြိုးနှစ်ကြိုးပါ Muskeg အမည်ရှိယာဉ်ကို အဆင့်ဆင့်တီထွင်ခဲ့သည်။

သေတစ်ပန်သက်တစ်ဆုံးလုပ်ကိုင်

၁၉၅၈ ခုနှစ်တွင် သစ်သားဖြင့်ပြုလုပ်ထားသော ပထမဦးဆုံးနှင်းထုဖယ်ရှားသည့် ကားကို တီထွင်နိုင်ခဲ့သည့်အတွက် ငှင်း၏အိမ်မက်ကို အမှန်တကယ်အကောင်အထည် ဖော်နိုင်ခဲ့ သည်။ ၁၉၅၉ ခုနှစ်တွင် ပထမဦးဆုံး Ski-Dog နှင်းရှင်းကားကို ထုတ်လုပ်နိုင်ခဲ့ပြီး ငှင်း၏ဝင်ပေါက်ကြားမှုသတင်းမှာ ဒွန်တာရီယို့မြောက်ပိုင်းအထိ ပျံ့နှံ့ရောက်ရှိခဲ့သည်။ နောက်ပိုင်းတွင် Ski-Dog ကို Ski-Doo ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၁၉၉၄ခုနှစ်တွင် ဂျိုးဇက်၏ကုမ္ပဏီက Ski-Doo နှစ်သန်းကျော် ထုတ်လုပ်ရောင်းချ နိုင်ခဲ့သည်။ ဂျိုးဇက်သည် ဒွန်ကြေးဇနဥစ္စာ ကြွယ်ဝချမ်းသာလာသော်လည်း မပြောင်းလဲဘဲ ငှင်း၏လုပ်ငန်းကိုသာ ဘဝတစ်သက်တာ သောစိတ်ဆန်းလုပ်ကိုင်ခဲ့သည်။

လူတောင်းကျိုးပြု တီထွင်ပညာရှင်ကြီး ဂျိုးဇက်အာမန်ဘွမ်ဘာဒီယာသည် အစာအိမ်ကင်ဆာရောဂါကြောင့် ၁၉၆၄ ခုနှစ် ဧဖေဖော်ဝါရီ ၁၈ရက်တွင် ကွီဘက်ပြည်နယ် ရီယာဘရိုကီမြို့တွင် ကွယ်လွန်သွားခဲ့သည်။ ငှင်းကွယ်လွန်ခဲ့သော်လည်း ဘွမ်ဘာဒီယာ ကုမ္ပဏီမှာ ယနေ့တိုင် ရှင်သန်သက်ဝင်လှုပ်ရှားလျက်ရှိပါကြောင်း ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ရပါသည်။ ။

ကိုးကား - အင်တာနက် ချစ်စိုးနိုင်ရေးသားသည်

ဂျိုးဇက်တွင် တီထွင်ဖန်တီးလိုစိတ် ကြီးမားစွာရှိပြီး စိတ်ကူးဉာဏ်ထက်မြက်သည့် ပါရမီနှင့်ပြည့်စုံ၊ ငှင်းသည် ငယ်ရွယ်စဉ် ကလေးဘဝကတည်းကပင် စက်မှုပညာတွင် သဘာဝကပေးသည့် ထူးချွန်ထက်မြက်မှုရှိနေပြီး ယင်း စက်ယန္တရား ပစ္စည်းများနှင့်ပင် ဆော့ကစားလေ့ရှိ။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(လလ-၇၇/ ၆၇+၆၈+၈၇+၈၈) စက်မူဇုန် (၂)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလောမြင့်(ခ)ဦးမြင့်စိန် ၁၃/တကန(ဧည့်)၀၀၀၇၇၉၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလောမြင့်(ခ)ဦးမြင့်စိန်သည် ပူးတွဲပါ "ဘုရင်" ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှုးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၁၈၃/၁၉၉၃ အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ဘီစကွတ်မုန့် အမျိုးမျိုးတို့ကို သန့်ရှင်းလတ်ဆတ်စွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ ပြည်သူများ တစ်ခဲနက် ဝယ်ယူအားပေး စားသုံးလျက်ရှိကြပါသည်။

သို့ရာတွင် "ဘုရင်"တံဆိပ်အမှတ်အသားပါ ဘီစကွတ်မုန့်အမျိုးမျိုးတို့၏ ကျော်ကြားမှု ကောင်းသတင်းကို မလိုလား အပ်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့မှ ဈေးကွက်အတွင်း "ဘုရင်" တံဆိပ်အမှတ်အသားပါ ဘီစကွတ်မုန့်အမျိုးမျိုးတို့အား စားသုံးရန် မသင့်ကြောင်း၊ စားသုံးသူများအား ဘေးဥပဒ်ဖြစ်စေနိုင်ကြောင်း ကောလာဟလသတင်းအမျိုးမျိုးထုတ်လွှင့်လျက် ရှိကြပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလောမြင့်(ခ)ဦးမြင့်စိန်၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာသူများအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြင့်	ဦးချစ်ညီညီ	ဦးမိုးမြင့်
(LL.B)	(LL.B)	(LL.B)

တရားရုံးချုပ်ရှေ့နေများ

အမှတ်-၂၂၁၊ ၆၃ လမ်း၊ ၂၆×၂၇ လမ်းကြား၊ မန္တလေးမြို့

ဖုန်း-၀၂-၃၃၉၉၀၊ ၀၂-၇၂၇၇၉၊ ၀၉-၂၀-၀၀၂၆၁၊ ၀၉-၆၉-၇၁၈၉၉၊ ၀၉-၂၀-၃၈၇၆၆။

e-mail; zarniaung@mandalay.net.mm.



လွန်ခဲ့သောနှစ်ပေါင်း ၁၄၀ ခန့်က မင်းတုန်းမင်းနှင့် နှမတော် ရွှေကျောင်းတော်ကြီး ကျောင်းအကြီး တည်ထားတော်မူခဲ့သော ရှင်ပဝိစ္စမင်းသာရဘွဲ့အမည်ရသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာဖြစ်သော

ချမ်းသာရက်ထူးမြတ်စေတီတော်မြတ်ကြီးကို

ကချင်ပြည်နယ်၊ တန်းမော်မြို့၊ မင်းကုန်းရပ်ကွက်တွင် နာယက ကဲဦးစာသင် တိုက် ဆရာတော်ဘဒ္ဒန္တကေသဝ(မဟာဂန္ဓာဝါစကမဟာဓိတ)ဦးဆောင်သော ဓါဝကအဖွဲ့ဝ တည်ဆောက်နေပါသည်။ မကြာမီ (၁၃၇၁ ခုနှစ် တပို့တွဲလပြည့်နေ့)၂၉-၁-၂၀၁၀ ရက်တွင် ရွေထီးတော်မြတ် တင်လျှူပူဇော်တော့မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးနေ ဝန်းမော်သူ ဝန်းမော်သားများအားလုံးနှင့် စေတနာရှင် ပြည်သူများ သိရှိဝမ်းမြောက်ကြည်ညိုပူဇော်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ဝမ်းမြောက်ကြည်ညိုပူဇော်လိုပါက

နာယက ကဲဦးစာသင်တိုက်ဆရာတော်နှင့် ဓါဝကအဖွဲ့ထံသို့

ဆက်သွယ်လျှောဒါန်းနိုင်ပါသည်

ဖုန်း-၀၇၄-၅၀၆၄။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်၏ GSM ဖုန်း-၀၉-၅၀-၇၇၄၂၂၀၁၀ (အနီးအနက်)သည် မျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်း ကြားပေးပါရန်။ **ဦးသန်းစိုး၊ ဖုန်း-၀၁-၇၀၉၉၉။**

အမည်ပြောင်း

အဖ ဦးထွန်းဌေး၏သမီး သဲဖြူ ရမ်းမြို့ (အထက၊ ပင) နေပတန်းမှ မရမ်းမိ်းမိုး(ခ) မစုစန်ထွန်းအား မစု စန်လင်းထွန်းဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးဇင်မောင်မောင်၏သား မောင်ရန်အောင် ၁၂/၁၀၆(နိုင်)၀၃၂၀၇၆ အား မောင်ရန်အောင်(ခ) မောင်ရန် အောင်နိုင်းကြူ ၁၂/၁၀၆(နိုင်)၀၃၂၀၇၆ ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အမ ဦးကင်ရီ၏သမီး မုဒုဖြိုးမွန် အမက(လွန်) ဖြိုင်ကုန်း စတုဇ္ဇာတန်း (အောင်)မှ မခင်နွေဇီးအား မခင်နွေတင်ဇီးဟု ပြောင်းလဲခေါ်ပါရန်။

မခင်နွေတင်ဇီး။



မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ဆက်သွယ်နိုင်

ရန်ကုန် ဇွန် ၁၂

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်း လိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နှတ်ဆောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၂၅၇၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့် အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံဆက်လက်ရှိပါသည်။ **အထက်ပါနှစ်နေရာထွင်သာ လာရောက်ထည့်သွင်းကြပါရန် မော်ကြအပ် ပါသည်။** **(မြန်မာ့အလင်း)**

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာ နီကတင်ဇေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ရန်ကုန်ကောင်ပိုင်းခရိုင် သန်လျင်မြို့ သိမ်ကျောင်းစာသင်တိုက်ခန်းမ၌ ကျင်းပသော စာပေဆုနှင်းပွဲတွင် ကဗျာဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (စာပေနှင့်စာနယ်ဇင်း)

ပညာအလင်းစာကြည့်တိုက်ဖွင့်

မြစ်ကြီးနားခရိုင် ချီးမြှောက်ကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဖြေအေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုခေါယိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဟောင်းခေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကံမမြို့တွင် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ကံမ ဇွန် ၉

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကံမမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂ရက် နံနက်က ကံမမြို့ အမှတ် (၄)ရပ်ကွက် မီးရထားလမ်းဘေးဝဲယာ တစ်လျှောက် မြေလွတ်တွင် စိုက်ပျိုးကြသည်။

တက်ရောက်

သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးဌာန ဦးစီးအရာရှိ ဦးစန်းလွင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များတက်ရောက်ပြီး ကျွန်းအပါအဝင်သစ်ပင်မျိုးစုံ ၃၁၅၀ကို စိုက်ပျိုးခဲ့သည်။ **(၄၈)**

(၅၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၂

ဦးဆောင်နိုင်ဦး လူမှုထူးချွန် တတိယ ဆင့် (ညောင်လေးပင်မြို့) **(အပေါ်ပုံ)**သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်၌ ဧပြီ ၂၄ရက်က (၅၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

မြို့နယ်သတင်းများ

ကမ္ဘာ့ကြက်ခြေနီနေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲ မန္တလေး၌ ကျင်းပ

ဖြင်းမူ ဇွန် ၉

၂၀၀၉ ခုနှစ် မေ ဧရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ရဲတပ်ဖွဲ့များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းများတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၅ ဦးတို့သည် မေ ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အမျိုးသားသွေးလှူဘဏ်သို့ သွားရောက်ပြီး စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရန်အောင်က စုပေါင်း သွေးလှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သွေးလှူရှင် ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စား မြင်းမူမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင်က သွေးအိတ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ခံဆရာဝန်ကြီး ခေါက်တာခေါင်စိန်ဝင်းက လက်ခံယူသည်။

ကျေးဇူးတင်စကား

ထို့နောက် မန္တလေးမြို့ အမျိုးသားသွေးလှူဘဏ်မှ မှတ်တမ်းတင် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ သွေးလှူရှင်များကိုယ်စား ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင်က လက်ခံယူပြီး **(အောက်ပုံ)** ဆရာဝန်ကြီး ခေါင်စိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၀၃၅)**

မြန်မာ့အလင်း အင်တာနက်ကျွန်းမာရေး

အိပ်ရေးပျက်ခြင်းကြောင့် သွေးတိုးရောဂါ ဖြစ်ပွားနိုင်ဟုဆို

အိပ်ရေး ပျက်ခြင်းသည် သွေးတိုးရောဂါ ဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း အထူးသဖြင့် အမျိုးသမီးများ အိပ်ရေးပျက်ခြင်းသည် သွေးပေါင်ချိန် မြင့်မှု ပိုမိုဖြစ်ပွားစေကြောင်း ဓြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

တွန်းအားပေး

တစ်နေ့လျှင် ခြောက်နာရီထက်လျော့နည်းစွာ အိပ်ရသူများသည် သွေးပေါင်ချိန်မြင့်တက်မှု တဖြည်းဖြည်း ဖြစ်လာကြောင်း၊ ဓနာဂိုယ် အိပ်စက် အနားယူမှုနည်းခြင်းသည် သွေးတိုးရောဂါ ဖြစ်ပွားစေရန် တွန်းအားပေးလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖြစ်ပွားနိုင်

တစ်နေ့လျှင် ခြောက်နာရီထက်လျော့နည်းစွာအိပ်သော အမျိုးသမီး ဦးရေ ၁၀၀ကို ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ ၄၂ဦးသည် သွေးတိုး ရောဂါ ဖြစ်ပွားနေကြောင်းတွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသန ပြုချက်၌ ဖော်ပြထားသည်။

ပျက်စီး

ပုံမှန်အိပ်မှီလျော့နည်းခြင်းကြောင့် ဓနာဂိုယ်အတွင်း သွေးကလာပ် စည်းပျက်စီးမှုပိုများကာ သွေးအတွင်း အဆိပ်ဓာတ်ထွက်ရှိမှုများ ဖြစ်ပေါ် စေနိုင်သဖြင့် နောက်ဆက်တွဲရောဂါများဖြစ်သော နှလုံးရောဂါ၊ အဝလွန်မှုနှင့် စိတ်ကျရောဂါများရရှိစေနိုင်ကြောင်း သိရသည်။ ။

အလင်းဖြာထွက်နေသော ကြယ်တာရာ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်



ကမ္ဘာပြိုပ်မှ အလင်းနှစ် သန်း၃၀၀ခန့်အကွာအဝေး၌ အလင်းရောင်များ ဖြာထွက်နေသော ကြယ်တာရာတစ်လုံးကို အမေရိကန်အာကာသ သုတေသနပညာရှင်များက အာကာသအဝေးကြည့် မှန်ပြောင်းကို အသုံးပြုရာမွေရာမှ တွေ့ရှိခဲ့ကြသည်။

အရွယ်အစား

ဖြာထွက်နေသော အလင်းတန်းများ၏ အနေအထားနှင့် အလင်းအား ကိုကြည့်၍ အရွယ်အစား အလွန်ကြီးသည့် ကြယ်တာရာတစ်လုံးဟု သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

သတင်းမှတ်စု မောင်မောင်မြင့်ဆွေ

ရင်သွေးငယ်များအား မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးသင့်

ရန်ကုန် ဇွန် ၁၂

မွေးပြီးစရင်သွေးငယ်များအား ခြောက်လအရွယ်အထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေး အရာရှိများက နှိုးဆော်တိုက်တွန်းထားသည်မှာ သတိပြုလိုက်နာသင့်သည့် အချက်ပင်ဖြစ်သည်။

တစ်မျိုးတည်း

မိခင်နို့ တစ်မျိုးတည်းတိုက်ကျွေးခြင်းသည် ရင်သွေးငယ်အတွက် အကောင်းဆုံး ကာကွယ်ဆေးနှင့် အပြည့်စုံဆုံး အာဟာရဓာတ်များ ရရှိစေသည်ဟုဆို၏။ အထူးသဖြင့် မွေးပြီးစ ရင်သွေးငယ်များအား တစ်နာရီအတွင်း မိခင်၏ နို့ဦးရည်တိုက်ကျွေးရမည်ဖြစ်ပြီး၊ အခြေအနေ အကြောင်းကြောင်းကြောင့်

စာမျက်နှာ ၉ ကော်လံ ၁ ✻

တနင်္သာရီတိုင်းမှ ရော်ဘာသစ်ပေါင်းများပြည်ပသို့တင်ပို့နေပြီ ခေတ်မီပရိဘောဂပစ္စည်းများ ထုတ်လုပ်ရာတွင် သုံးစွဲလာ

သတင်းခရီးသည် - မြင့်မောင်စိုး

ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၂

ရော်ဘာစိုက်ပျိုးရေး ကဏ္ဍတွင် မွန်ပြည်နယ် ပြီးလျှင် တနင်္သာရီတိုင်းသည် အများဆုံး စိုက်ပျိုးထုတ်လုပ်သော ဒေသ ဖြစ်သည်။ တနင်္သာရီတိုင်းအတွင်း ရော်ဘာစိုက်ပျိုးရန် သင့်လျော်သည့် ရေမြေနှင့်ရာသီဥတုလည်း ရှိသည့်အလျောက် ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဒေသ နေပြည်သူများ စီးပွားဖြစ်ထွန်း လျက်ရှိသည်။

စိုက်ပျိုး

တနင်္သာရီတိုင်း အတွင်းရှိ ရော်ဘာအများဆုံး စိုက်ပျိုးသော ဒေသများမှာ မြိတ်ခရိုင်အတွင်းရှိ ပုလောမြို့နယ်များနှင့် ပလောက် မြို့နယ်များဖြစ်သည်။ ထား၀ယ် ခရိုင်အတွင်း၌လည်း ရော်ဘာကို စိုက်ပျိုးကြသည်။

ရော်ဘာသစ်ပေါင်း

ရော်ဘာ လုပ်ငန်းရှင်များ အနေဖြင့် ရော်ဘာ ပင်ပျိုများမှ ရော်ဘာစေးများ ထုတ်ယူ၍ ဝင်ငွေ စီးပွားရရှိမည် ဖြစ်သည့် အပြင် သက်တမ်းကုန် ရော်ဘာ

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

ရော်ဘာ သစ်ပေါင်းဖြင့် ထုတ်လုပ်ထားသော ပရိဘောဂများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)